ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ တနလာနေ့၊ (14-12-2015) (စဉ်၁၄)

ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနှိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင်လူနာများအတွက် အားကိုးအားထားရာဆေးရုံကြီးဖြစ်

ရန်ကုန် ဒီဇင်ဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ပင်မကုသဆောင်၊ ငါးထပ်လူနာဆောင်၊ ၁၂ ထပ်ဆောင်အသစ် ဆောက်လုပ်နေမှု၊ ပင်မဆောင်ပြင်ဆင်မွမ်းမံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မဆောင်အဆောင်(၁၁)နှင့် အဆောင်(၁၂)၊ အမျိုးသမီးလူနာဆောင်နှင့် အမျိုးသားလူနာဆောင်တို့တွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး အရိုးနှင့် ထိခိုက်ဒဏ်ရာကုဌာနတွင် ယခုနှစ် ဧပြီ ၂၇ ရက်က ဘယ်ဘက်လက်မောင်းအလယ်ခန့်မှ ပြတ်တောက်ဓားဒဏ်ရာရရှိခဲ့သည့် လူနာ၏လက်ကို ကောင်းမွန်စွာပြန်လည်ခွဲစိတ်ကုသနိုင်မှုအခြေအနေကို လည်းကောင်း၊ ကြံ့ရည်ကြိတ်စက်ညပ်ကာ ဘယ်ဘက်လက်ချောင်းလေးချောင်း ကျိုးကြေသွားသည့် လက်ချောင်းအစားထိုး ခွဲစိတ်ကုသအောင်မြင်မှုအခြေအနေကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ငါးထပ်ဆောင်အသစ် ခွဲစိတ်ဆောင်(၃)ရှိ လူနာများနှင့် အရေးပေါ်ကုသဆောင်ရှိ လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး တိုးချဲ့ ၁၂ ထပ်အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့●

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်တွင် တက်ရောက်ကုသနေသည့် လူနာများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖိုးကျားအပန်းပြေဆင်စခန်းကို ကုမ္ပဏီများအား လေလံစနစ်ဖြင့် ငှားရမ်းမည်

စာမျက်နှာ - ၈

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားပိုင်အစုရှယ်ယာများ ပါဝင်ခွင့်ပြုမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို အသစ်ပြန်လည် ပြင်ဆင်ရေးဆွဲနေပြီဖြစ်ပြီး မကြာမီကာလအတွင်း အတည်ပြုပြဋ္ဌာန်းနိုင်မည်ဖြစ်ရာ စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားပိုင် အစုရှယ်ယာများပါဝင်သည့် ဖက်စပ်ကုမ္ပဏီများကို ပါဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့သည့် ရန်ကုန်စတော့အိတ်ချိန်းကို ဒီဇင်ဘာ ၉ ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်း ထောင့်(ယခင်မြဝတီဘဏ်ရုံးအဆောက်အအုံ)တွင် ဖွင့်လှစ်ခဲ့ရာ စတင်ဖွင့်လှစ်ချိန်တွင် မြန်မာနိုင်ငံသားများပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများဖြင့်သာ စတင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပြီး ပြန်လည်ရေးဆွဲနေသည့် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်သည့်အခါ နိုင်ငံခြားသားပိုင် အစုရှယ်ယာများပါဝင်သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့○

BBB

ဘီသုံးလုံး ကားအရောင်းဆင်တာ

Specializes in Wagons(4WD)

38+40 ၊ကမ္ဘာအေးဘုရားလမ်း(နင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း

Phone: 09-7320-7777

ကြေးမုံ စာတည်းရုံထောင် ၁၄-၁၂-၂၀၁၅၊ တနင်္လာနေ့

ဆန်းစစ်ချက်ကောင်းများထုတ်ဖော်

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်ကာလများက ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်စဉ်များဖြစ်ပွားခဲ့ရာ အဆိုပါ ဖြစ်စဉ်များဖြစ်ပွားပြီးခဲ့သည့် ကာလအလွန်လိုအပ်ချက်များ ဆန်းစစ်ချက်အစီရင်ခံစာထုတ်ပြန်သည့် ပြန်လည်ထူထောင်ရေးဖိုရမ်အခမ်းအနားကို နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။

ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့်မြေပြိုမှုဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံး၊ ထိခိုက်နစ်နာခဲ့ရသည့် ပြည်သူများစွာတို့၏ဘဝ ကောင်းမွန်စွာဖြင့် ပြန်လည်တည်ဆောက်ပေးနိုင်ရန်ဟူသည့် တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် ပါဝင်ကူညီဆောင်ရွက်သူများအားလုံး ညီညီညွတ်ညွတ်တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြသောကြောင့် ပြန်လည်ဆန်းစစ်မှုကိုကြည့်မည်ဆိုလျှင် အကျိုးရလဒ်ကောင်းများစွာရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

သို့သော် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် အခက်အခဲများစွာရှိခဲ့သည်ဖြစ်ရာ အနာဂတ်ကာလ၌ ယင်းတို့ကို ကျော်လွှားဖြေရှင်းပေးနိုင်မည့် အဖြေများကိုလည်း ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြကာ ဆန်းစစ်အဖြေရှာကြရမည်ဖြစ်သည်။ ထိုသို့အဖြေရှာနိုင်ရန်အတွက်လည်း ယခုကျင်းပခဲ့သည့် ဖိုရမ်များမှတစ်ဆင့် ကောင်းသောရလဒ်များကို ထုတ်ယူကြရမည်ဖြစ်သည်။

တွေ့ရှိခဲ့ရသော ရလဒ်ကောင်းများတွင် ရေဘေးသင့်ရပ်ရွာများ၌ ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုကြားတွင် ပရဟိတစိတ်ဖြင့် တစ်တပ်တစ်အား ဝိုင်းဝန်းဖေးကူသည့်စိတ်ဓာတ်၊ ကျန်ရစ်သမျှ ပစ္စည်းဥစ္စာတို့ကို အများအတွက် မျှဝေသုံးစွဲနိုင်သည့် စိတ်ဓာတ်ကြံ့ခိုင်မှုများမှာ မြန်မာတို့၏လူမှုဘဝသမိုင်းမှတ်တိုင်တွင် မှတ်တမ်းတင်ထားရမည်ဖြစ်သည်။

ထို့အပြင် ကယ်ဆယ်ရေးနှင့်ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကိုယ်ကျိုးမဖက်၊ စွမ်းစွမ်းတမ် စွန့်လွှတ်အနစ်နာခံခဲ့ကြသော အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုံခြုံရေးနှင့်ကယ်ဆယ်ရေး အဖွဲ့အစည်းများ၊ တပ်မတော်သားများ၏ စွန့်လွှတ်အနစ်နာခံမှုများကို ခီးကျူးဂုဏ်ပြု အသိအမှတ်ပြုကြရမည်ဖြစ်သည်။ ၎င်းတို့၏ သတ္တိနှင့် ကြံ့ခိုင်မှုများမှာ အနာဂတ်ကာလ ပြန်လည်ထူထောင်ရေးဖြစ်စဉ်များအတွက် ခွန်အားများပင်ဖြစ်သည်။

အစီရင်ခံစာအရ ရေကြီးရေလျှံမှုနှင့်မြေပြိုမှုဖြစ်စဉ်ကာလအတွင်း ထိခိုက်နစ်နာခဲ့ရသော ပြည်သူ့ဦးရေမှာ နှစ်သန်းနီးပါးရှိသည်ဟုသိရသည်။ ဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာခဲ့ရသည့် စီးပွားရေးတန်ဖိုး ပျမ်းမျှပမာဏမှာ ကျပ်သန်း ပေါင်း ၁ ဒသမ ၉ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁ ဒသမ ၅ ဘီလီယံခန့် ဆုံးရှုံးမည်ဟုခန့်မှန်းထားပြီး ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်မှာလည်း ယင်းတန်ဖိုးပမာဏအတိုင်းပင်ရှိမည်ဟု ဆိုထားသည်။

ဆန်းစစ်ချက်အပေါ် အရေးပါသောအကြံပြုချက်များမှာ အုပ်ချုပ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းစေရေး၊ သတင်းအချက်အလက်စနစ်နှင့် ရှေးဦးအရေးပေါ် ကြိုတင်ကြေညာနိုင်မှုစနစ်ထူထောင်ရေး၊ အရေးပေါ်လုပ်ငန်းစဉ်များ အားကောင်းစေရေး၊ ရှေးဦးပြန်လည်ထူထောင်ရေးကိုဦးစားပေးဆောင်ရွက်နိုင်ရေး၊ အရင်းအမြစ်ခွဲဝေမှုကို ပွင့်လင်းမြင်သာစွာဖြင့် တာဝန်ယူမှုပြည့်ဝစွာ စီမံခန့်ခွဲနိုင်ရေး၊ အုပ်ချုပ်ရေးစနစ်နှင့် လုပ်ထုံးလုပ်နည်းများခိုင်မာရေးတို့ဖြစ်သည်။

သဘာဝဘေးကာလအလွန် ဆန်းစစ်တွေ့ရှိချက်များမှရရှိလာသည့် အဆိုပါလိုအပ်ချက်များအား ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သောအထောက်အပံ့ကောင်းများ ဖြစ်စေနိုင်သည်။ တစ်နည်းဆိုသော် ယနေ့ပြုပြင်ပြောင်းလဲရေးအတွက် လက်တွေ့ကျသော ဆောင်ရွက်ချက်များဖြစ်သည်။ အနာဂတ်အသီးအပွင့်များ ဖြစ်ထွန်းရေးအတွက် ရှေ့နောက်ဆက်စပ်မှုရှိရှိ ဆောင်ရွက်ရန်လိုအပ်မည့် အစီအမံများလည်းဖြစ်သည်။

သို့ဖြစ်ရာ အလုပ်တစ်ခုကိုဆောင်ရွက်ရာတွင် ပြီးပြီးရောသဘောမထားဘဲ ပြန်လည်ဆန်းစစ်အကဲဖြတ်ကာ သုံးသပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပေါ်ထွက်လာမည့်အကျိုးရလဒ်ကောင်းများသည် အနာဂတ်အတွက် အထောက်အပံ့ကောင်းများဖြစ်သည်။ အဆက်အစပ်မိသော ကောင်းမွန်သောဆောင်ရွက်ချက်ဖြစ်သည့် ဤဆန်းစစ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ကြရမည်ဖြစ်ပါသည်။ ။

စောမွန်လှကျွန်း အပန်းဖြေဟိုတယ်စီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်

မြိတ် ဒီဇင်ဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်က Saw Mon Hla Island Resort Co.,Ltd ဦးစီး၍ ကျွန်းစုမြို့နယ်အတွင်းရှိ စောမွန်လှကျွန်းတွင် အပန်းဖြေဟိုတယ်စီမံကိန်း၏ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း(EIA) ဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စောမွန်လှကျွန်း အပန်းဖြေခန်းကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးသက်စိုးက စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများအား အကျဉ်းချုပ်ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် E Guard Environmental Services Company မှ senior consultant ဒေါ်နန်းခမ်းဆိုင်က စီမံကိန်းဧရိယာနှင့်အနီးပတ်ဝန်းကျင်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော စီမံကိန်းနှင့်သက်ဆိုင်သူများက စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များမေးမြန်းခဲ့ရာ စောမွန်လှကျွန်း အပန်းဖြေစခန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ စောမွန်လှကျွန်းအပန်းဖြေဟိုတယ် စီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့မှ ၇၅ မိုင်အကွာ ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု စောမွန်လှကျွန်းတွင် စီမံကိန်းဧရိယာ ၁၆၆၁ ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဘန်ဂလိုပုံစံ အလုံး ၂၀၊ တင်းနစ်ကွင်း၊ ရေကူးကန်၊ ဆိုင်ကလုံးမုန်တိုင်းရှောင် သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် ပေ ၆၀ ဆိပ်ခံတံတားတို့အား ငွေကျပ်သန်း ၄၃၀၃ သန်းခန့်ဖြင့် သုံးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်သည်။

မြင့်ဦး(မြိတ်)

ပြောင်းမြတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မြောင်းမြ ဒီဇင်ဘာ ၁၃

မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနက မြောင်းမြမြို့ မြို့မစျေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက် ၉ နာရီက ယင်းစျေးကြီး၌ ဆောင်ရွက်ကြရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ခြောက်စီး၊ လက်ဆွဲမီးသတ်စက်ငါးလုံးတို့ကို အသုံးပြု၍ မီးငြိမ်းသတ်မှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် မီးခိုးစုပ်စက်ဖြင့် မီးခိုးများအား စုပ်ထုတ်၍ အသက်ရှူကိရိယာတပ်ဆင်ကာ အဆောက်အအုံထဲရှိ ပိတ်မိသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ မီးလောင်ပြင်သုံး အပူကာဝတ်စုံဖြင့် မီးလောင်ပြင်အတွင်း ဝင်ရောက်၍ ဖြတ်တောက်ရေးကိရိယာ အသုံးပြုကာ ဝင်ရောက်ကယ်ဆယ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့ပြသခဲ့ကြသည်။

(အောင်မင်း)

မိတ္ထီလာကန်ကူး လေးလမ်းသွားတံတား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင်ပြီးစီးမည် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်ကာ ကုန်စည်စီးဆင်းမှုများ အဆင်ပြေတော့မည်

နေပြည်တော် ဒီဇင်ဘာ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်လွင်သည် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း(နေပြည်တော်-မန္တလေးအပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး အမြန်လမ်းထိန်းသိမ်းရေးစခန်း (သီးကုန်း)သို့ ရောက်ရှိသည်။

ယင်းနောက် မိတ္ထီလာကန်ကူးတံတား လေးလမ်းသွားတံတား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပေ ၁၀၀ PC Girder ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မသွန်းလောင်းနေသည့် လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

တံတားလုပ်ငန်းခွင်အတွင်း တံတားတိုင်အမှတ် (P-4) Bored Pile ကွန်ကရစ်သွန်းလောင်းနေမှု၊ (P-6) Bored Pile ထိပ်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ (P-7)နှင့် (P-8)Cap လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မိတ္ထီလာကန်ကူးတံတားသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့တွင်း (မိတ္ထီလာ-ကျောက်ပန်းတောင်း) လမ်းပေါ်တွင်တည်ရှိပြီး တံတားအရှည် ပေ ၈၀၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ လေးလမ်းသွားဖြစ်ပြီး လူသွားလမ်းတစ်ဖက်လျှင် ခြောက်ပေစီပါရှိကာ တံတားအမျိုးအစားမှာ အောက်ခြေ Bored Pileအုတ်မြစ်၊ ကိုယ်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည် RC Girder နှင့် PC Girder တို့ဖြင့် တည်ဆောက်ထားပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ AASHTO(HS-20) ဖြစ်သည်။

တံတားကြီးတည်ဆောက်ပြီးစီးပါက မိတ္ထီလာမြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာကာ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဒေသခံနှင့် ခရီးသွားပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် တံတားလုပ်ငန်းများ အားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ကျေးရွာလယ်မြေဌားရန် ပေးအပ်

ကလေး ဒီဇင်ဘာ ၁၃

ကလေးမြို့နယ် ဒိုးဝိုင်းချောင်း ကျေးရွာ ကျေးရွာလယ်ယာမြေဌား ဂရန်ပေးအပ်ခြင်း အခမ်းအနားကို ဒိုးဝိုင်းချောင်း နှစ်ခြင်းအသင်းတော်ခန်းမ၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က မြေဌားဂရန် ၁၄၆ ခုကို ကျေးရွာတောင်သူများအား ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ကျိုးနက်)



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

ပြည်တွင်းရေးရာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများအား ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

●ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိလာမှုနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင်လူနာများအတွက် အဓိကအားကိုးအားထားရာဆေးရုံကြီးလည်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ခရီးစဉ်ရှိတိုင်း ရန်ကုန်ဆေးရုံကြီးကို လာရောက်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အားလုံး၏ဆန္ဒကို မဖြည့်ဆည်းပေးနိုင်သော်လည်း အဘက်ဘက်က တတ်နိုင်သရွေ့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဧရိယာအကျယ်အဝန်းပေါ် မူတည်၍အဆင့်မြှင့်တိုးချဲ့တည်ဆောက်မှုကို ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အဆင့်မြှင့်တိုးချဲ့ပြုပြင်မွမ်းမံဆောင်ရွက်ရာတွင် နိုင်ငံတော်က လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ခဲ့၍ အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ကို တွေ့ရှိရပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ရန်ကုန်မြို့ပြအမွေအနှစ်ဖြစ်ခြင်းကြောင့် ပြန်လည်ပြင်ဆင်ပြီးစီးပါက မြို့ပြအမွေအနှစ်အဖြစ်လုပ်ဆောင်ရန် ရည်ရွယ်ပါကြောင်း၊ အသစ်တည်ဆောက်လျက်ရှိသော ၅ ထပ်ဆောင်၊ ၁၂ ထပ်ဆောင်၊ အရေးပေါ်ကုသဆောင်၊ ပင်မဆောင်များပြီးစီးပါက မူလပင်မဆောင်၏ ကုသရေးအပိုင်းကို လျှော့ချပေးရမည်ဖြစ်ကြောင်း၊ ရန်ကုန်ဆေးရုံကြီးအတွက် လိုအပ်သောစက်ကိရိယာများ၊ ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းသည်လည်း အားလုံး၏ကူညီပံ့ပိုးမှုကြောင့် ဖြစ်ပါကြောင်း၊ ကော်မတီတွင် ပါဝင်သောပုဂ္ဂိုလ်များ၊ ကော်မတီတွင်မပါဝင်သော်လည်း တတ်နိုင်သည့်အပိုင်းမှ အကြံဉာဏ်ပေးပြီး ပါဝင်ဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် ချမှတ်ထားသော ရည်ရွယ်ချက်များကိုလည်း အောင်မြင်အောင် ဆက်လက်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ နောက်လာမည့် အစိုးရသည်လည်း ယခုလို ရည်ရွယ်ချက်ကောင်းများ ချမှတ်ထားခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို လက်ရှိခုတင် (၁၅၀၀) ဆုံမှခုတင် (၂၀၀၀)ဆုံ့ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခဲ့ပြီး ဓာတ်မှန် 16 –Slice CT ၊Digital X-ray၊ ECG၊ ULTRASONG တို့ကို လိုအပ်သောလူနာများအတွက် အခမဲ့ဆောင်ရွက်ပေးနေသည့်အပြင် အခြေခံဓာတ်ခွဲစမ်းသပ်မှုအနေဖြင့်လည်း ပြင်ပလူနာများအတွက် ခုနစ်မျိုး၊ အတွင်းလူနာအတွက် ၃၅ မျိုးနှင့် ဆေးဝါးများကိုလည်း အခမဲ့ထောက်ပံ့ ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ပစ္စည်း ဝယ်ယူဖြည့်ဆည်းမှုအပိုင်းတွင်လည်း PET /CT ၊ CYCLOTRON ၊ 128-Slice CT၊ MRI - 1.5 စက်များကို ယခုနှစ်အတွင်း တိုးချဲ့တပ်ဆင်နိုင်ခဲ့ပြီး LA စက်နှစ်လုံး တိုးချဲ့တပ်ဆင်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ ကင်ဆာရောဂါကို ကုန်ကျစရိတ်နည်းစွာဖြင့် ပြည်တွင်း၌ပင် ကုသမှုပေးနိုင်တော့မည်ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်ပြုပြင်မွမ်းမံမှုအပိုင်းတွင်လည်း ပင်မ(၅)ထပ်ဆောင်တစ်လုံးကို တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် ဆက်လက်၍ (၃၈၀ × ၈၀) ပေရှိ (၁၂) ထပ်အဆောက်အအုံတစ်လုံးနှင့် ကင်ဆာလူနာများအတွက် (၅) ထပ်ဆောင် တစ်လုံးတို့ကိုလည်း စက်တင်ဘာလ အတွင်းက စတင်ဆောက်လုပ်လျက်ရှိသည်။

(သတင်းစဉ်)

○**မြန်မာနိုင်ငံကုမ္ပဏီများမှ**

ဖက်စပ်ကုမ္ပဏီများကို စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများအဖြစ် လက်ခံသတ်မှတ်ကာ ရန်ကုန်စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာများ ရောင်းချခွင့်ပြုနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

"မကြာမီအချိန်အတွင်း ဥပဒေအသစ်ကို ပြဋ္ဌာန်းတော့မှာဖြစ်ပါတယ်။ ဥပဒေအသစ် ပြဋ္ဌာန်းပြီးချိန်မှာ နိုင်ငံခြားသားပိုင် အစုရှယ်ယာများပါဝင်တဲ့ ဖက်စပ်ကုမ္ပဏီများကို စာရင်းဝင်ကုမ္ပဏီများအဖြစ် လက်ခံသတ်မှတ်ပြီး ရန်ကုန်စတော့အိတ်ချိန်းမှာ စတော့ရှယ်ယာများ ရောင်းချခွင့်ပြုနိုင်မှာ ဖြစ်ပါတယ်။ ထိုကတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်အပြန်အလှန်စာရင်းဝင် ကုမ္ပဏီများအဖြစ်သတ်မှတ်ပြီး အစုရှယ်ယာများ လဲလှယ်ရောင်းဝယ်တဲ့လုပ်ငန်းများ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများစတဲ့ ငွေချေးသက်သေခံလက်မှတ်များ ရန်ကုန်စတော့အိတ်ချိန်းမှာ လဲလှယ်ရောင်းဝယ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်"ဟု ထည့်သွင်းပြောကြားသွားသည်။

စတော့အိတ်ချိန်းကို ဒေသတွင်းနှင့် နိုင်ငံတကာတို့ထက် နောက်ကျစွာ ဖွင့်လှစ်နိုင်ခဲ့သော်လည်း ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ အနေဖြင့် အချိန်အနည်းငယ်အတွင်းတွင် တိုးတက်မှုများ ရရှိလာနိုင်ပြီး အာဆီယံနိုင်ငံများအတွင်း ပမာဏကြီးမားသည့် စတော့ရှယ်ယာဈေးကွက်တစ်ခု ဖြစ်ပေါ်လာမည်ဟု ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့် နိုင်ငံတကာ စတော့ရှယ်ယာဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။

"ဗီယက်နမ်ဆိုရင် ၂၀၀၀ ပြည့်နှစ်ကတည်းက စတော့အိတ်ချိန်းထူထောင်ခဲ့တယ်။ ထိုင်းနိုင်ငံဆိုရင် ၁၉၇၅ ကတည်းက ထူထောင်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံက နောက်ကျခဲ့ပါတယ်။ နောက်ကျပေမယ့်လည်း ကောင်းတယ်လို့ မြင်ပါတယ်။ စတင်ထူထောင်ချိန်မှာ ဥပဒေစနစ်တကျပြဋ္ဌာန်းဆောင်ရွက်တာ ဖြစ်သလို ရှေ့ကသွားနေတဲ့ နိုင်ငံတွေရဲ့ ကောင်းသောအချက်တွေကို ယူလို့ရသွားတယ်။ စတော့အိတ်ချိန်းမှာ အများနဲ့သက်ဆိုင်သော ကုမ္ပဏီမှန်သမျှ ပါဝင်နိုင်ပြီး သတ်မှတ်ထားတဲ့စံနှုန်း ၁၇ ချက်နဲ့ညီတဲ့ ကုမ္ပဏီတွေကို ပါဝင်ခွင့်ပြုပါမယ်။ နိုင်ငံတကာမှာ အချက် ၁၀ ချက်နဲ့ စိစစ်ပါတယ်။ အဓိကကတော့ စာရင်းဝင်အဖြစ် မှတ်ပုံတင်ပြီး ရှယ်ယာထုတ်ရောင်းချင်တဲ့ ကုမ္ပဏီတွေကို စိစစ်တဲ့အခါမှာ မြတ်စွန်းနိုင်တဲ့အနေအထားရှိ မရှိ ခိုင်မာမှု ဘယ်လောက်ရှိမလဲ၊ ကုမ္ပဏီရဲ့ သက်တမ်း၊ အုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ စီမံကိန်းရေးဆွဲမှုတွေ၊ စီမံခန့်ခွဲမှုအပိုင်းရဲ့ စံသတ်မှတ်ချက်တွေ၊ ပွင့်လင်းမြင်သာမှု ဘယ်လောက်ရှိမလဲ ဒီအပေါ်တွေမှာ စနစ်တကျ စိစစ်ထားတာပဲဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်ကတည်းက အစပျိုးခဲ့ပေမယ့် ၂၀၁၂ နောက်ပိုင်းမှာ ထိထိရောက်ရောက် ကြိုးပမ်းအကောင်အထည်ဖော်လာခဲ့ပြီး ရန်ကုန်စတော့အိတ်ချိန်းကို ဖွင့်လှစ်ခဲ့တာပဲဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတကာက စိတ်ဝင်စားပြီး မျှော်လင့်နေကြပါတယ်"ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက ရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်း ဖွင့်လှစ်နိုင်ခဲ့မှုအပေါ် နိုင်ငံတကာမှ စိတ်ဝင်စားမှုမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံအား စောင့်ကြည့်လေ့လာလျက်ရှိသည်ဟု သိရသည်။ ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများမှ စတော့အိတ်ချိန်းတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည့်အပြင် ဂျပန်၊ ချက်၊ အမေရိကန်နှင့် နိုင်ငံတကာမှလည်း စိတ်ဝင်တစားတက်ရောက်ခဲ့ကြသည်။

ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်ရာတွင် အစုရှယ်ယာများ ထုတ်ရောင်းမည့် အများပိုင်ကုမ္ပဏီခြောက်ခုကို စံသတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟုသိရပြီး အဆိုပါကုမ္ပဏီများမှာ First Myanmar Investment Co.,Ltd၊ First Private Bank Ltd၊ Great Hor Kham Public Co.,Ltd၊ Myanmar Agribusiness Public Corporation Ltd၊ Myanmar Citizen Bank Ltd၊ Thilawa SEZ Holding Public Ltd တို့မှ စံသတ်မှတ်ချက်များ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများကို လာမည့် ဖေဖော်ဝါရီ(သို့မဟုတ်) မတ်လ ခန့်တွင် စတင်ရောင်းချပေးသွားမည်ဟု သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာနိုင်ငံဘက်မှ မြန်မာ့စီးပွားရေးဘဏ်က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ Daiwa Institute of Research က ၃၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ Japan Exchange Group က ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် ပူးပေါင်းဖက်စပ် ထူထောင်ခဲ့ခြင်းဖြစ်ပြီး နည်းပညာ၊ ကျွမ်းကျင်ပညာရှင်များအပါအဝင် ကနဦးမတည်ရင်းနှီးငွေ ကျပ် ၃၂ ဘီလီယံ ထည့်ဝင်ကာ လုပ်ငန်းများစတင်လည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်စတော့အိတ်ချိန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့် လျှောက်ထားရယူခဲ့ပြီး မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖက်စပ်ကုမ္ပဏီ အဖြစ်တည်ထောင်ခဲ့ကာ ၂၀၁၅ ဧပြီတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ရန်ကုန်စတော့အိတ်ချိန်းအား လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့် ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

(ဆုနှင်းလွဲ)

ရန်ကုန်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူမက်လာဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် အလှူမက်လာဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက်(စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလှူမက်လာဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီမှ စတင်ရောင်းချမည်ဖြစ်ပြီး ညနေ ၄ နာရီခွဲတွင် ဇီဝိတဒါန "ရတုပိုဒ်စုံ"ဖြင့် အခမ်းအနားဖွင့်လှစ်ခြင်း၊ ညပိုင်းတွင် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေခြင်းများနှင့်အတူ စားသောက်ဖွယ်ရာ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ပျော်ရွှင်စရာကစားနည်းများ ပါဝင်ဆင့်နွှဲခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံတွင် ကာဗွန်လျှော့ချရေးသဘောတူညီမှုရရှိ နိုင်ငံတကာအသိုင်းအဝိုင်းက ကြိုဆိုထောက်ခံ

ပါရီ ဒီဇင်ဘာ ၁၃

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံသို့ တက်ရောက်ဆွေးနွေးခဲ့သည့် နိုင်ငံတကာမှ စေ့စပ်ညှိနှိုင်းသူများသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် နိုင်ငံအားလုံးက လက်ခံအကောင်အထည်ဖော်နိုင်မည့်ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်မူဘောင် သဘောတူညီချက် အသစ်တစ်ခုကို ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြသည်။

တက်ရောက်ဆွေးနွေးခဲ့သည့် ကိုယ်စားလှယ်များသည် ဆွေးနွေးပွဲသတ်မှတ်ရက် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်ထိ ဆွေးနွေးခဲ့သည့်အပြင် ပါရီသဘောတူညီချက်ရရှိရေးအတွက် ဒီဇင်ဘာ ၁၂ ရက်ထိ တစ်ရက်ထက်တိုးကာ ဆွေးနွေးခဲ့ကြသည်။ အဆိုပါသဘောတူညီချက်သည် စက်မှုတော်လှန်ရေးခေတ်မတိုင်မီကရှိခဲ့သည့် ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယက်စ်ထက်လျော့နည်းအောင်လျှော့ချပြီး အပူချိန်ကို ထိန်းထားနိုင်ရန် ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့ပြင်တက်ရောက်သည့် နိုင်ငံအားလုံးက ယခုရာစုနှစ်၏ ဒုတိယရာစုနှစ်ဝက်ကာလတွင် ကာဗွန်ထုတ်လွှတ်မှုကို သုညနီးပါးအထိ လျှော့ချနိုင်ရန်လည်း ကတိပြုခဲ့ကြသည်။

နိုင်ငံအားလုံးသည် ၎င်းတို့၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်ကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် ကုလသမဂ္ဂသို့ ငါးနှစ်တစ်ကြိမ် တင်ပြကြရမည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်တွင်ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးထောက်ပံ့ရန်လည်း အားပေးဖိတ်ခေါ်ထားသည်။ ယင်းသို့ထောက်ပံ့ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ၎င်းတို့၏ ဘဏ္ဍာငွေထောက်ပံ့မှုအခြေအနေကို ကုလသမဂ္ဂသို့ နှစ်နှစ်တစ်ကြိမ် တင်ပြကြရမည်ဖြစ်သည်။

ယခု သဘောတူညီချက်သည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် ပထမဆုံးသော သဘောတူညီချက်ဖြစ်သည်။ ၁၉၉၇ ခုနှစ်က ဆောင်ရွက်ခဲ့သည့် ကျိုတိုသဘောတူညီချက်မူကြမ်း (Kyoto Protocol)သည် ဖွံ့ဖြိုးပြီးနိုင်ငံများကသာ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရမည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများက လျှော့ချရန်မလိုအပ်သည့်အတွက် သဘောတူညီမှုမရခဲ့ပေ။

သဘောတူညီချက် ထွက်ပေါ်လာပြီးနောက် အမေရိကန်သမ္မတ အိုဘားမားက ယင်းသဘောတူညီချက်သည် ကြီးမားသော အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ချီးကျူးပြောဆိုပြီး ယခုကဲ့သို့ သဘောတူညီမှုရရှိရေးအတွက် အမေရိကန်အစိုးရအနေဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရကြောင်း ပြောကြားသည်။

ပါရီမြို့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည့် သဘောတူညီချက်သည် သမိုင်းဝင်အောင်မြင်မှုတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကြား မျှတမှုရှိစွာ ဆောင်ရွက်သွားရမည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအသစ်များကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်းနှင့် ပါဝင်ဆွေးနွေးသည့်နိုင်ငံများ အထူးသဖြင့် အိမ်ရှင်ပြင်သစ်နိုင်ငံကို ကျေးဇူးတင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် နရေန္ဒြာမိုဒီကလည်း ပါရီသဘောတူညီချက်သည် သမိုင်းဝင်အောင်မြင်မှုတစ်ခုဖြစ်ပြီး တရားမျှတမှုရှိကြောင်းနှင့် ယင်းသဘောတူညီမှုတွင် ရှုံးသူ၊ နိုင်သူမရှိဘဲ အနာဂတ်သာယာလှပရေးအတွက် အားလုံးပူးပေါင်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ၎င်း၏တွစ်တာစာမျက်နှာ၌ ဒီဇင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း အနာဂတ် ကမ္ဘာမြေကြီးတည်တံ့ရေးအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ချီးကျူးပြောဆိုခဲ့သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကြိုဆိုထောက်ခံခဲ့ကြသည်။

အင်နန်အိတ်ချ်ကော။

ဆော်ဒီအာရေဗျနိုင်ငံတွင် အမျိုးသမီးများအား ပထမဆုံးအကြိမ် မဲပေးခွင့်ပြု

ရီယက် ဒီဇင်ဘာ ၁၃

ဆော်ဒီအာရေဗျအစိုးရက ဒီဇင်ဘာ ၁၃ ရက်တွင်ကျင်းပသော ရွေးကောက်ပွဲတွင် အမျိုးသမီးများအား မဲပေးခွင့်ပြုခဲ့သည့်အပြင် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကိုပါ ခွင့်ပြုခဲ့ကြောင်း သတင်းများအရ သိရသည်။

အမျိုးသမီးများအား ရွေးကောက်ပွဲတွင်ပါဝင်မဲပေးခွင့်နှင့် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခြင်းသည် နိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်ဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ မဲရုံများတွင် အမျိုးသားနှင့်အမျိုးသမီးများ သီးခြားစီခွဲခြားပြီး ဆန္ဒမဲပေးကြရသည်။

ယခုရွေးကောက်ပွဲသည် နိုင်ငံ၏ တတိယအကြိမ်မြောက် ကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည်။ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အမတ်လောင်း ၇၀၀၀ ရှိသည့်အနက် ၁၀၀၀ နီးပါးသည် အမျိုးသမီးများဖြစ်သည်။

"ဒါဟာ ဆော်ဒီအာရေဗျအမျိုးသမီးတွေ အနေနဲ့ ပထမဆုံးအကြိမ် မဲပေးခွင့်ရရှိတာပါ။ ဒါဟာအစပဲရှိပါသေးတယ်။ နောက်ဆို အမျိုးသမီးတွေ ဒီထက်အခွင့်အရေးတွေပိုရကြမှာပါ" ဟု ဆန္ဒမဲပေးခဲ့သည့် အမျိုးသမီးတစ်ဦးကဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် အမျိုးသမီးများအား ကားမောင်းခွင့်ကို ပိတ်ပင်တားမြစ်ထားသည့်အပြင် လူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်းကိုလည်း တားမြစ်ထားသည်။

ယခုကဲ့သို့ အမျိုးသမီးများအား မဲပေးခွင့်ပြုလိုက်ခြင်းသည် အမျိုးသမီးများ၏ အခွင့်အရေးကို မြှင့်တင်ပေးရာရောက်သည့်အတွက် နိုင်ငံတကာအသိုင်းအဝန်းက ယခုကျင်းပသည့် ရွေးကောက်ပွဲကို အာရုံစူးစိုက်လျက်ရှိသည်။ အမျိုးသမီးလွတ်တော် အမတ်များ ပေါ်ထွက်လာမလားဆိုသည်ကို စောင့်ကြည့်နေကြသည်။

သို့သော် မဲပေးခွင့်ရှိသည့် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အလွန်နည်းသောကြောင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအနေဖြင့် အမျိုးသားများ၏ ထောက်ခံမဲများကို လိုအပ်မည်ဖြစ်သည်။

အင်နန်အိတ်ချ်ကော။

❖

အကြမ်းဖက်မှုဆန့်ကျင်ရေး ရုရှားနှင့်အီတလီနိုင်ငံခြားရေးဝန်ကြီးတို့ဆွေးနွေး

ရောမ ဒီဇင်ဘာ ၁၃

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လက်ဗ်ရော့ဗ်သည် ဒီဇင်ဘာ ၁၂ ရက်တွင် ရောမမြို့၌ အီတလီနိုင်ငံခြားရေးဝန်ကြီး ပါအိုလိုဂျန်တီလိုနှင့် တွေ့ဆုံကာ လစ်ဗျားနိုင်ငံတွင်း၌ မတည်မငြိမ်ဖြစ်နေမှုနှင့် အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့အား ဆန့်ကျင်ရေးကို ဆွေးနွေးခဲ့သည်။

ယင်းတွေ့ဆုံဆွေးနွေးမှုကို ရောမမြို့တွင် ကျင်းပနေသည့် မြေထဲပင်လယ်ဒေသနိုင်ငံများ အစည်းအဝေး၏ ပြင်ပတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦး ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ဆီးရီးယားနိုင်ငံတွင် အမေရိကန်ဦးဆောင်သည့် ညွှန့်ပေါင်းအဖွဲ့က လုပ်ဆောင်နေသည့် အိုင်အက်စ်အဖွဲ့အား တိုက်ခိုက်မှုများ၌ ရုရှားနိုင်ငံက ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းမည်မဟုတ်ကြောင်း၊ သို့သော် တူညီသော အခြေခံအချက်များပေါ်တွင်မူ ညှိနှိုင်းလုပ်ဆောင်သွားလိုကြောင်း ဆွေးနွေးပွဲအပြီးတွင် အီတလီနိုင်ငံခြားရေးဝန်ကြီးနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဆင်ဟွာ။

ရုရှားတွင် စိတ်ရောဂါကုဆေးရုံတစ်ရုံမီးလောင်၊ လူ ၂၁ ဦးထက်မနည်းသေဆုံး

မော်စကို ဒီဇင်ဘာ ၁၃

ရုရှားနိုင်ငံ အနောက်တောင်ပိုင်း ဗိုရိုနက်ဇ်ဒေသရှိ စိတ်ရောဂါကု ဆေးရုံတစ်ရုံတွင် ဒီဇင်ဘာ ၁၃ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူ ၂၁ ဦးထက် မနည်းသေဆုံးကြောင်း ရုရှားအရေးပေါ် လုပ်ငန်းဆိုင်ရာဝန်ကြီးရုံး၏ ဒေသဆိုင်ရာဌာနမှ ထုတ်ပြန်ချက်ကို ကိုးကား၍ ဒေသတွင်းသတင်းများက ဖော်ပြသည်။

မီးလောင်ရာနေရာ၌ သေဆုံးသူ ၁၉ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိရကြောင်း၊ အခြားနှစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့ကြောင်းနှင့် ပျောက်ဆုံးနေသူ နှစ်ဦးရှိကြောင်း နိုဗော့စတီသတင်း၌ ဖော်ပြသည်။

စုစုပေါင်း လူ ၅၅ ဦးအား မီးလောင်ရာ အဆောက်အအုံမှ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၂၁ ဦးမှာ မီးသင့်လောင်မှုဒဏ်ရာများ ရရှိခဲ့၍ ဆေးရုံများ၌ ကုသမှုပေးနေရကြောင်း အမည်ဖော်ပြခြင်းမရှိသည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို တပ်စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

ဆင်ဟွာ။

ပြည်တွင်းရေးရာ

နေပြည်တော် ကရုဏာကမ္ဘာစစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာ သံသရာငြိမ်းအေးရွှေစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

နေပြည်တော် ဒကွိ၁ဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် ရတနာမဉ္ဇူလမ်းထောင့်ရှိ ကရုဏာကမ္ဘာစစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာစီမံကိန်းအတွင်း တည်ထားကိုးကွယ်မည့် သံသရာငြိမ်းအေးရွှေစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဘုဒ္ဓိအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အလျှုရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်များထံ လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လျှုဒါန်းကြပြီး မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် သံသရာငြိမ်းအေးရွှေစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားဆက်လက်ကျင်းပရာ မင်္ဂလာအချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာပန္နက်တော်များအား စိုက်ထူပူဇော်ခြင်း၊ တွင်းတော်ဝန်းမဟာမင်္ဂလာပြုခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကရုဏာကမ္ဘာစစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာအတွက် ဒုတိယအကြိမ် အလျှုငွေပေးအပ်ပွဲကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ အငြိမ်းစားတပ်မတော်သား မိသားစုဝင်များ၊ အကြောင်းအမျိုးမျိုးကြောင့် ကျဆုံး/ကွယ်လွန်သွားသည့်သူများ၏ ကျန်ရစ်သူမိသားစုအား စောင့်ရှောက်နိုင်ရန်အတွက် ယခုကဲ့သို့ လျှုဒါန်းရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် ပေးဆပ်ခဲ့သူ၊ ပေးအပ်ခဲ့သူများဖြစ်၍ ၎င်းတို့အား ကြည့်ရှုစောင့်ရှောက်ရန် တာဝန်များရှိကြောင်း၊ ယင်းကိစ္စများဆောင်ရွက်နိုင်ရန်အတွက် ယခုစစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလားတူ ရန်ကုန်နှင့် မန္တလေးမြို့များတွင်လည်း ဆက်လက် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်သည်များသည် တိုင်းပြည်အတွက် ပေးဆပ်ခဲ့ရခြင်းဖြစ်၍ ၎င်းတို့အားကြည့်ရှုရန် ဥပဒေအရပြဋ္ဌာန်းပြီး ဆောင်ရွက်နေသကဲ့သို့ တပ်မတော်နှင့် စစ်မှုထမ်းအငြိမ်းစားများ၊ စေတနာရှင်အလျှုရှင်များက ပိုင်းဝန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းများအတွက် နောင်ရေးမကြောင့်ကြရန် တတ်နိုင်သမျှ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တပ်မတော်သက်သာချောင်ချိရေးရန်ပုံငွေ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အမြတ်ငွေများမှ စစ်မှုထမ်းဟောင်းများ၏ နေရေး၊ ထိုင်ရေးသာမကဘဲ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အသုံးပြုဆောင်ရွက်နေကြောင်း၊ စစ်မှုထမ်းဟောင်းများ၏ နေရေး၊ စားရေး၊ သောက်ရေးအခက်အခဲများကိုလည်း တစ်ဦးချင်းအနေဖြင့် ကူညီပေးသင့်သည်များကို ပိုင်းဝန်းကူညီပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အလျှုရှင်များက ကရုဏာကမ္ဘာစစ်မှုထမ်းဟောင်း ဘိုးဘွားရိပ်သာအတွက် ဒုတိယအကြိမ် အလျှုငွေများပေးအပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် မူလအလျှုရှင် ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(အငြိမ်းစား)တို့က လက်ခံရယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(အငြိမ်းစား)က ဒုတိယအကြိမ် အလျှုငွေလျှုဒါန်းခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ၛင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကရုဏာကမ္ဘာစစ်မှုထမ်းဟောင်း ဘိုးဘွားရိပ်သာ တည်ဆောက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြုလုပ်သော ဒုတိယအကြိမ် အလျှုငွေပေးအပ်ပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စစ်မှုထမ်းအငြိမ်းစားများ၊ စေတနာရှင် အလျှုရှင်များက စုစုပေါင်း အလျှုငွေကျပ်သိန်း ၁၆၂၀၀ ပေးအပ်လျှုဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအား လေ့လာသောကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၃

မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးတည်ဆောက်မှု၌ အထောက်အကူဖြစ်စေရန် ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအား သွားရောက်လေ့လာခဲ့ကြသော ကာကွယ်ရေးဦးစီးချုပ်နုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အဖွဲ့ဝင်များ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်စိုး (ငြိမ်း)၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည့် ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသော KNU, KNLA(PC), DKBA တို့မှ ကိုယ်စားလှယ်များ၊ မြန်မာငြိမ်းချမ်းရေးစင်တာ(MPC) မှ တာဝန်ရှိသူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ကိုလံဘီယာနိုင်ငံ၌ ဒီဇင်ဘာ ၃ ရက်မှ ၁၀ ရက်အထိ ကိုလံဘီယာနိုင်ငံသမ္မတ Juan Manuel Santos Calderon၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုလံဘီယာတပ်မတော် ဒုတိယစစ်ဦးစီးချုပ် General Florez Aristizabal၊ ငြိမ်းချမ်းရေး အကြံပေးပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် Fabrizio Hochschild၊ ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်မှုအတွေ့အကြုံများနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပြီးနောက် DDR-SSR ကို ရက်ပေါင်း ၆၀ အတွင်းပြီးမြောက်အောင် ဆောင်ရွက်သွားရန် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ကြိုတင်သဘောတူညီချက်ရရှိထားမှု အခြေအနေများကို အသေးစိတ်လေ့လာဆွေးနွေးခဲ့ကြပြီး Demobilization အစီအစဉ်များ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

ကိုလံဘီယာ အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အား အပြီးသတ်ဆောင်ရွက်သွားရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် Melor မုန်တိုင်းတစ်လုံး ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံမြောက်ပိုင်းစွန်းနှင့် တောင်ပိုင်းစွန်းဒေသများ မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၃

ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်း၊ ဖိလစ်ပိုင်ပင်လယ်ပြင် အရှေ့ပိုင်းတွင် (Melor)ဟုခေါ်သည့် မုန်တိုင်းတစ်လုံးဖြစ်ပေါ်နေလျက်ရှိသည်။

မုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်ကို ရွှေ့လျားပြီး ဖိလစ်ပိုင်နိုင်ငံသို့ ဒီဇင်ဘာ ၁၄ ရက်နေ့မှာ ဖြတ်ကျော်ကာ တောင်တရုတ်ပင်လယ်ပြင်ကို ရောက်ရှိမည်ဖြစ်သည်။ မုန်တိုင်းလမ်းကြောင်းခန့်မှန်းချက်အရ တောင်တရုတ်ပင်လယ်ပြင်ကိုရောက်ရှိပြီးနောက် အနောက်တောင်ဘက်ကို ရွှေ့လျားမည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံအတွက်တွင်မူ မြောက်ပိုင်းစွန်းနှင့် တောင်ပိုင်းစွန်းတို့တွင် မိုးအနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)



လူတန်ဖိုး တိုးတက်ရာတိုးတက်ကြောင်း

ခင်မောင်အေး(မန္တလေး)

ပိုပေါက်၊ အဝေရာနှင့် ကျွန်တော်တို့သည် မသုံးလုံးမြို့ ရှမ်းကုန်းပိုင်းလမ်းနှင့် အေဘီအမ်ကျောင်းလမ်းထောင့်ရှိ ဘာစမြားကွမ်းယာဆိုင်တွင် ကျောင်းဆင်းပြီး အချိန်များတွင် အစဉ်အမြဲဆုံကြသည်။ ကျွန်တော်တို့၏ စုရပ်အဖြစ် ဘာစမြားဆိုင်ကို သတ်မှတ်ထားကြပါသည်။ ကွမ်းယာ၊ ဆေးလိပ်၊ စီးကရက်မျိုးစုံ တိုတိုထွာထွာ ချိုချဉ် စသည်တို့ရောင်းသည်။ ကျွန်တော်တို့က အာမွှေးကွမ်းယာကို တစ်ယောက်တစ်ယာစီမှာစားကြပြီး အရည်မရ အဖတ်မရ ကျွန်တော်တို့ ဝါးနေသည့်ကွမ်းယာလိုတောင်စဉ်ရေမရ လျှောက်ပြောကြ။ မြောက်ပိုင်းမှ ကျွန်တော်တို့နှင့် မျက်နှာကြောမတည့်သော ကျော်စိန်တို့၊ လှရီတို့၊ ထွန်းကြည်တို့နှင့် ရံဖန်ရံခါ ချိန်း၍ရန်ပွဲ ဆင်နွဲကြသည်။

ကျောင်းပိတ်ရက်များတွင် လောက်လေးဌ တစ်ယောက်တစ်လက်စီနှင့် နေရှင်နယ်ကုန်းဘက်၊ ရိုးကူးဘက် တွေ့ဆီသွားကာ ဆက်ရက်၊ ချိုး၊ ငုံး စသောဂုက်များကို လိုက်လံရှာဖွေပစ်ခတ်ကြ၏။ လမ်းတစ်လျှောက် ခြံဝင်းများအတွင်း မျိုးကောင်းသရက်ပင်များတွင် အခိုင်လိုက်၊ အပ္ပြတ်လိုက်သီးနေသော သရက်သီးများကို လေးခွနှင့် ပစ်ချကြသည်။ သရက်သီးအခိုင်လိုက် ပြုတ်ကျလာသောအခါ ခြံရှင်များမသိအောင် ခြံတွေထဲသို့ ခိုးဝင်ပြီး သရက်သီးကောက်ကြသည်။

တစ်ခါတစ်ရံ ဆည်းဆာအချိန် နေလုံးကြီးဝင်မသွားသေးမီ ခြံပြင်သို့ထွက်လျက် အစာရှာဖွေနေကြသည့် အိမ်မွေးကြက်များကိုတွေ့သည်နှင့် သုံးယောက်စလုံးက လက်မနှေးဘဲ မရမနေသေသေချာချာ ချိန်ရွယ်ပစ်ခတ်တတ်ကြသည်။ လောက်စာလုံးထိမှန်ခံရသောကြက်က ချက်ချင်းအသက်ထွက်မသွားသေးဘဲ သခင်ကို တိုင်သွားတတ်ပါသေးသည်။ "ကရော. . . ကရော. . ကရော. . ပြီး. . ရော။" ကြက်အော်သံကိုကြားလိုက်ရသည့် အိမ်ရှင်က ခြံဝင်းအတွင်းမှ ထွက်မလာနိုင်သေးမီ အချိန်ကိုက်၍ လဲသေနေပြီဖြစ်သောကြက်ကို ပြေးကောက်ရသည်။

သိုးကာသီကာ၊ ပွတ်ကာသီကာကလေး လွတ်လာကြသည်။ ကြက်တစ်ကောင်တော့ ညစာအတွက် ရခဲ့ပေမယ့်. . . . . ။

"ဟဲ့၊ ဟဲ့၊ ကြက်သူခိုးလေးတွေ၊ မိမဆုံးမ ဖမဆုံးမလေးတွေ။ ဘယ်က အလေနတောကလေးတွေများလဲဟင်။ ကာလနာတိုက်သေကြစမ်းပါစေတော်။" သို့ပေမယ့် ဖနောင့်နှင့် တင်ပါးတစ်သားတည်းကျအောင် ခြေကုန်နှင်ကာ ပြေးခဲ့ကြသဖြင့် ကျွန်တော်တို့ တစ်ကြိမ်မျှ အမိမခံခဲ့ပါ။ သို့သော်လည်း အသက်အရွယ်ကြီးရင့်လျက် အထက်တန်းပညာသင်ကြားမှုပြီးဆုံး၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့်အချိန်တွင် ငယ်ရွယ်စဉ် ကလေးဘဝက တေခဲ့၊ ပေခဲ့၊ ဆိုးမိုက်ခဲ့ခြင်းများကို နောင်တကြီးစွာ ရပြီး မိမဆုံးမ ဖမဆုံးမဆိုသည့်စကားအတွက် အသည်းခိုက်မျှနာမိရပါသည်။

ကျွန်တော်တို့၏ မိဖများအတွက်ရော ကျွန်တော်တို့ပါ မျှားစွာသိက္ခာကျဆင်းလျက် သုံးစားမရအခြေအနေသို့ ရောက်မှန်းမသိ ရောက်ရှိသွားခဲ့ရလေသည်။ ရှေးလူကြီးသူမတို့က လူဆိုး သူခိုးကလေးများမဖြစ်ရလေအောင် အဆိုအဆုံးမစကားများ များစွာထားရစ်ခဲ့ပါသည်။ "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုး ကိုယ်၌ တည်စေမင်း။" (လောကသာရဏီ)ဟူ၍ လည်းကောင်း။

"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊
အတတ်သင်စေ၊ ပေးဝေနှီးရင်း၊
ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင် ဖခင်မယ်တို့တာ။"

ဟူ၍လည်းကောင်း၊ သားသမီးတို့ မကောင်းမှုကိုမပြုကြအောင်၊ လမ်းလွဲသို့မရောက်ရှိရလေအောင်၊ မိဘတို့ ဝတ္တရားကိုဖော်ကျူးပြီး ဆုံးမစကားများထားရစ်ခဲ့ကြသည်။ ကျွန်တော်တို့ ငယ်ရွယ်စဉ် အပြောအဆိုခံခဲ့ရသော၊ မိမဆုံးမ၊ ဖမဆုံးမဟူသည် စည်းကမ်းမဲ့သော အမိ၊ အဖတို့၏ ဆုံးမသွန်သင်ခြင်းမှ ကင်းကွာနေသောကလေးဟု အဓိပ္ပာယ်ပေါက်၏။ ကျွန်တော်တို့ နာရကောင်းမှန်းမသိ။ အရွယ်ရောက်လာတော့မှသာ အဓိပ္ပာယ်ကို သေသေချာချာ နားလည်သွားပြီး ဆတ်ဆတ်ခါနာသွားမိပါသည်။

စည်းကမ်းကလနားဟူသည် ရှေးအတီတေကပင် ရှိခဲ့ဖူးသည်။ မဟာသမ္မတမင်းလက်ထက်အခါကပင် စည်းကမ်းသတ်မှတ်ထားရှိခဲ့ပါသည်။ လူသားတို့လိုက်နာရမည့် ကျင့်ဝတ်၊ စောင့်ထိန်းရမည့် စည်းကမ်းများကို သတ်မှတ်ထားသည်။ လူသားတို့လိုက်နာရသည့် စည်းကမ်းကို လူသားတိုင်းလိုက်နာကြရသည်။ မလိုက်နာသူများအားဆုံးမ၍ ပြင်းပြင်းထန်ထန် အပြစ်ပေးအရေးယူသည်။ စည်းကမ်းကို နိုင်ငံ၊ တိုင်း၊ မြို့၊ ရွာ၊ ရပ်ကွက်မှသည် တစ်အိမ်ထောင်၊ တစ်မိသားစု၊ တစ်ဦးချင်း၊ တစ်ကိုယ်ရေ လိုက်နာစောင့်ထိန်းကြရသည့် စည်းကမ်းများ ထားရှိသတ်မှတ်ထားသည်။ စည်းကမ်းလိုက်နာမှု ကောင်းစွာရှိသည့် နိုင်ငံသည် စည်းကမ်းလိုက်နာမှုလျော့နည်းသောနိုင်ငံထက် အဘက်ဘက်မှ သာလွန်တိုးတက်သည်။ တိုးတက်သည့်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်သည် အသုံးပြုသောလက်နက်ခဲယမ်း၊ သိပ္ပံပညာပြည့်ဝစွာဖြင့် ထုတ်လုပ်ထားရှိသည့် စက်ကိရိယာပစ္စည်းများနှင့်ချည်းတွက်ချက်၍မရနိုင်ပါ။ ယင်းနိုင်ငံရှိ နိုင်ငံသားများ စည်းကမ်းလိုက်နာ ကောင်းမွန်မှုအပေါ်တွင်သာ တွက်ချက်မှ အမှန်ကိုရရှိနိုင်ပါလိမ့်မည်။

အရှေ့တောင်အာရှတွင် စင်ကာပူလိုနိုင်ငံနှင့် နှိုင်းယှဉ်လိုက်ပါလျှင် ခေတ်နောက်အပြန်တစ်ရာမျှမကနောက်ကျလျက် ကျန်ရစ်ခဲ့ပါပြီ။ ဝန်ကြီးချုပ် လီကွမ်းယုလို တန်ဖိုးရှိသောလူမျိုး ကျွန်တော်တို့နိုင်ငံတွင် များစွာလိုအပ်သည်။ နိုင်ငံ၏ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြည်မြန်မာသို့ရောက်ရှိဖို့ တန်ဖိုးရှိသည့် လူများဖြင့် တည်ဆောက်ရပါလိမ့်မည်။ သို့တစေ စည်းကမ်းဟူသော အုတ်မြစ်ကိုအခြေခံလျက် တည်ဆောက်ကြရာတွင် အုတ်မြစ်ခိုင်မာရန် အရေးကြီးလှပါသည်။ စည်းကမ်းလိုက်နာသော နိုင်ငံသားတို့၏ တက်ညီလက်ညီသော လုပ်အားဖြင့် တည်ဆောက်မှသာလျှင် ရည်ရွယ်ချက်ပန်းတိုင်သို့ မလွဲမသွေရောက်ရှိနိုင်ပါလိမ့်မည်။

ကျွန်တော်တို့ ငယ်ရွယ်စဉ်ကလေးဘဝမှအစပြု၍ လူကြီးများ၏ အဆိုအဆုံးအမများနှင့် ကျွမ်းဝင်ရင်းနှီးခဲ့ကြရပါသည်။ "မိခင် ဖခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂုဏုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍ လုပ်ကျွေးခယ၊ ရိုတုတ်ကွလျက် ကြီးထသက်အို၊ မျိုးဆွေကိုလည်း၊ ကြည်ညိုညွှတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍၊ ခပ်သိမ်းမယွင်း၊ ဇြိမ်းစေမင်း" ဟူ၍ ဆိုဆုံးမစကားထာရှိခဲ့ပါသည်။ ကျွန်တော်တို့၏ရင်တွင် ယခုထက်တိုင် စွဲထင်မှတ်မိနေဆဲပင်။ သား၊ သမီး၊ မြေး၊ မြစ်၊ တီနှင့် ကျွတ်တို့သို့တိုင် သို့ကလိုစွဲထင် ကျန်ရစ်နေပေလိမ့်ဦးမည် မုချမလွဲဖြစ်ပါသည်။

သည်သို့သည်နှယ်သော အဆိုအဆုံးမတို့အပြင် လက်ရှိနိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များအတိုင်း အစဉ်အမြဲ လိုက်နာကျင့်သုံးကြကာ လုပ်ကိုင်နေထိုင်ကြပါမှ နိုင်ငံသည်ဖွံ့ဖြိုးတိုးတက်နိုင်ပါလိမ့်မည်။ စည်းကမ်းနှင့် ကင်းကွာနေသူများပြားနေပါက မည်သို့မျှတိုးတက်ဖွယ်ရာ အကြောင်းမမြင်ပါ။ စည်းကမ်းလိုက်နာသော အလေ့အထများ ရှေးလွန်လေပြီးသည့် အချိန်ကာလမှ စတင်လျက် လိုက်နာကျင့်သုံးခဲ့ကြဖူးသည့် သာဓကများစွာရှိခဲ့ပါသည်။ မည်သို့မျှ အခက်အခဲရှိနိုင်ဖွယ်ရာ အကြောင်းမရှိနိုင်။ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တစ်မျိုးသားလုံးက မိမိတို့၏ ကိုယ်ပိုင်အရည်အသွေးတိုးတက်မြင့်မားရာသောကိစ္စအတွက် စည်းကမ်းများကို အလေးအနက်ပြုလျက် လိုက်နာကျင့်သုံးခြင်းသည် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အားထုတ်ကြီးပမ်းရာလည်းရောက်ပါသည်။

နိုင်ငံသားတိုင်း၏ နိစ္စဓုဝ နေ့စဉ်နေ့တိုင်း ပြုမူလုပ်ကိုင်နေကြရသော စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများတွင် သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ ပြုမူပြောဆိုလုပ်ကိုင်နေထိုင်ကြခြင်း၊ နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်အတွင်း တစ်ကိုယ်ရေ စည်းကမ်း၊ တစ်ဦးချင်းကျင့်ဝတ်များကို မဖောက်ဖျက်ဘဲ တိကျစွာလိုက်နာဆောင်ရွက်သွားခြင်းဖြင့် လူတန်ဖိုးကို မြှင့်တင်နိုင်ကြမည်ဟုယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နိုင်ငံသားတိုင်း၏ နိစ္စဓုဝ နေ့စဉ်နေ့တိုင်း ပြုမူလုပ်ကိုင်နေကြရသော စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများတွင် သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ ပြုမူပြောဆို လုပ်ကိုင်နေထိုင်ကြခြင်း၊ နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်အတွင်း တစ်ကိုယ်ရေ စည်းကမ်း၊ တစ်ဦးချင်းကျင့်ဝတ်များကို မဖောက်ဖျက်ဘဲ တိကျစွာလိုက်နာဆောင်ရွက်သွားခြင်းဖြင့် လူတန်ဖိုးကို မြှင့်တင်နိုင်ကြမည်။

ဝန်းသိုမြို့နယ်တွင် ရှင်မတောင်သနပ်ခါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်း

ဝန်းသို ဒီဇင်ဘာ ၁၃

သနပ်ခါးပင်များကို အထူးသဖြင့် အညာဒေသတွင်စိုက်ပျိုးကြပြီး စီးပွားရေးတွက်ခြေကိုက်သော လုပ်ငန်းတစ်ခုဖြစ်၍ ဝန်းသိုမြို့နယ် ပေကုန်းအုပ်စု အောင်ချမ်းသာကျေးရွာအနီးတွင် ရှင်မတောင်သနပ်ခါးများစိုက်ပျိုးခဲ့ရာ အဆိုပါခြံမှ သနပ်ခါးပင်များသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အနီးအနားကျေးရွာများဖြစ်သော မဂ္ဂလက်၊ ဇီးဖြူပင်၊ ဆည်ကြီး၊ ဝင်းကြီး၊ မင်ကုန်းစသည့် ကျေးရွာများက အဆိုပါသနပ်ခါးခြံမှ ပျိုးပင်များကို ဝယ်ယူစိုက်ပျိုးလာကြောင်း သိရသည်။

"စိုက်ခင်းကတော့ မြေရေယာ ၄၈ ဧကရှိပါတယ်။ ရှင်မတောင်သနပ်ခါးအပင် ၇၄၀၀ ကို လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်က စိုက်ပျိုးခဲ့တာပါ။ အခုဆိုရင် သုံးနှစ်ခွဲရှိပြီဆိုတော့ အပင်က အချင်းနှစ်လက်မ၊ အမြင့်က အပင်တွေပေါ်မူတည်ပြီး ၁၀ ပေကနေ ၁၂ ပေလောက်ဖြစ်နေပါပြီ။ သနပ်ခါးစိုက်ပျိုးရာမှာ ယင်းမာပင်မြို့နယ် ကျောက်မှော်ရွာကနေ ရှင်မတောင်သနပ်ခါးမျိုးစေ့ အသီးတစ်ပြည်ကို ငွေကျပ် လေးသောင်းခွဲနဲ့ဝယ်ယူပြီး ပျိုးထောင်စိုက်ပျိုးတာပါ။ ကုန်ကျစရိတ်က တစ်ဧကကို ပေါင်းရှင်းခ၊ ပိုးသတ်ဆေးဖျန်းခ၊ အားဆေးဖျန်းခနဲ့ဆို တစ်နှစ်ပျမ်းမျှ ငွေကျပ် နှစ်သိန်းခန့် ရင်းနှီးမြှုပ်နှံရပါတယ်။ စိုက်ပျိုးတာက ဇွန်လနဲ့ ဇူလိုင်လအတွင်းမှာပါ။ တစ်ပင်နဲ့တစ်ပင် ငါးပေ၊ အတန်းလိုက်အကွာအဝေးက တစ်တန်းနဲ့တစ်တန်း ခုနှစ်ပေ စိုက်ပျိုးခဲ့ပါတယ်"ဟု သနပ်ခါးခြံပိုင်ရှင် ဦးတင်မြင့်က ပြောပြသည်။

သနပ်ခါးပင်တွေက ပေါင်းနုတ်ပြီး အရွက်များကို ပိုးကျရောက်တာရှိ၊ မရှိကိုလည်း စစ်ဆေးပေးရကြောင်း၊ အပင်စိုက်ပြီး ၁၀နှစ်ခန့်ရောက်ပြီဆိုလျှင် အပင်လုံးပတ်ခြောက်လက်မကနေ ခုနစ်လက်မခန့်ကြီးထွားလာပါက ခုတ်လှဲရောင်းချရကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ သနပ်ခါးပင်များသည် ၁၀နှစ်အတွင်း ကုန်ကျစရိတ်စုစုပေါင်းမှာ ငွေကျပ်သိန်း ၁၀၀ခန့်ဖြစ်သည်။ သနပ်ခါးပင်ကို ပိုင်းဖြတ်ခုတ်လှဲ၍ ကျန်ခဲ့သော ပင်စည်ငုတ်တိုကို မြေကြီးဖြင့်ပြန်လည်ဖုံးအုပ်ပေးထားလျှင် မကြာမီကာလအတွင်း အကိုင်း အခက်များ ဝေဝေဆာဆာ ထွက်ပေါ်လာမည်ဖြစ်သည်။ အကိုင်းပွားပေါင်း မြောက်မြားစွာ ထဲမှ ကြိုက်နှစ်သက်သည့်နှစ်ကိုင်းခန့်ကိုသာ ချန်၍ ခုတ်ပစ်ရမည်ဖြစ်သည်။ ထိုသို့ဂရုတစိုက်ပြုစုသွားမည်ဆိုလျှင် တစ်နှစ်လျှင် တစ်ကြိမ်စီ စဉ်ဆက်မပြတ် ခုတ်လှဲရောင်းချသွားပြီး တစ်နှစ်လျှင် ပုံမှန်ပျမ်းမျှဝင်ငွေ ကျပ်သိန်း တစ်ရာခန့်ရရှိမည်ဖြစ်၍ စီးပွားဖြစ်ကာ ဝင်ငွေမှန်သော မြန်မာ့သနပ်ခါးပင်များကို စိုက်ပျိုးသင့်ကြောင်း သိရသည်။ **(စိုင်းလူမင်း)**

ငွေဆောင်ကမ်းခြေတွင် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက် ကမ်းခြေတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခြင်းများပြုလုပ်

ငွေဆောင် ဒီဇင်ဘာ ၁၃

ငွေဆောင်ကမ်းခြေ သန့်ရှင်းသာယာလှပရေး၊ ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရေးတို့အတွက် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဟိုတယ်ဇုန်မှ တာဝန်ရှိသူများ၊ ငွေဆောင်မြို့စည်ပင်နှင့် ဖွံ့/ထောက်ကော်မတီဝင်များ၊ ဒေသခံပြည်သူများက ကမ်းခြေတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခဲ့ကြသည်။

ဆက်လက်၍ ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးကော်မတီက စျေးသည်များ စည်းကမ်းတကျရှိရေး၊ အများပြည်သူအပန်းဖြေနားနေရာ သဲသောင်ပြင်တွင် စက်တပ်ယာဉ်များ မောင်းနှင်ခြင်းမပြုရေး စသည့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မူမူ(မြန်/ဆက်)

ပြည်တွင်းရေးရာ

ငွေတောင်ပြည်မှအလင်းတန်းများ ရွှေရတုမှသည် စိန်ရတုအလင်းနှစ်များဆီသို့ . . .

"ဘီလူးချောင်း အမှတ်(၂)စက်ရုံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသော စက်ခြောက်လုံးကို အလုံးစုံ ပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးပါက စက်တစ်လုံးလျှင် မူလအတိုင်း ၂၈ မဂ္ဂါဝပ် အပြည့်ပြန်လည်ထုတ်လုပ်နိုင်မည်ဖြစ်၍ ဘီလူးချောင်းအမှတ်(၂)စက်ရုံရှိ စက်ခြောက်လုံးမှ စုစုပေါင်း လျှပ်စစ်ဓာတ်အား ၁၆၈ မဂ္ဂါဝပ် အပြည့်ထုတ်လုပ်နိုင်မည်"

ဘီလူးချောင်း အမှတ်(၃) ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ။

ကယားပြည်နယ် ငွေတောင်ဆီက ဘီလူးချောင်း အမှတ်(၂)ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မြန်မာပြည်တစ်ဝန်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့သည်မှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်သည်။

လောပိတဓာတ်အားပေးစက်ရုံဟုလူသိများသည့် ဘီလူးချောင်း အမှတ် (၂) ဓာတ်အားပေးစက်ရုံသည် ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောပိတ အရပ်တွင် တည်ရှိသည်။ အဆိုပါရေအားလျှပ်စစ်စီမံကိန်းသည် ရန်ကုန်မြို့ ဟံသာဝတီအဝိုင်းအနီးရှိ ဆိုရန်တိုဗီလာခြံ၌ ၁၉၄၇ ခုနှစ် ဇွန် ၆ ရက်က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကျင်းပခဲ့သော ဆိုရန်တိုဗီလာ ညီလာခံမှ ထွက်ပေါ်ခဲ့သည့် လမ်းညွှန်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ အသီးအပွင့်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ စစ်လျော်ကြေး အမေရိကန်ဒေါ်လာသန်း ၂၀၀ ကို လက်ခံရရှိခဲ့သည်။ အဆိုပါ ဂျပန်နိုင်ငံမှ ရရှိခဲ့သည့် စစ်လျော်ကြေးငွေအချို့နှင့် နိုင်ငံတော်ဘဏ္ဍာငွေ ပူးပေါင်းကျခံ၍ ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို ၁၉၅၃-၁၉၅၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် ပထမဓာတ်အားပေးစက်သုံးလုံး (၃×၂၈ မဂ္ဂါဝပ်=၈၄ မဂ္ဂါဝပ်) သာ တည်ဆောက်နိုင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ဧပြီ ၁ ရက်တွင် ဓာတ်အားထုတ်လုပ်နိုင်ခဲ့သည်။ ထိုနေ့တွင်ပင် ၂၃၀ ကေဗွီ လောပိတ-တောင်ငူ-လှော်ကား မဟာဓာတ်အားလိုင်းဖြင့် မြန်မာ့ဓာတ်အားစနစ်ကို စတင်အသုံးပြုလျက် ရန်ကုန်မြို့သို့ ဓာတ်အားပေးနိုင်ခဲ့သည်။ ယင်းနောက် ၁၃၂ ကေဗွီ လောပိတ-ကလော-သာစည် မဟာဓာတ်အားလိုင်း အမှတ်(၁)ဖြင့် မန္တလေးမြို့သို့ ၁၉၆၃ ခုနှစ် မတ်လတွင် ဓာတ်အားပေးနိုင်ခဲ့သည်။

ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Electricity Supply Board-ESB)၊ ရေအားလျှပ်စစ်ဌာန အင်ဂျင်နီယာချုပ် ဦးအေးနှင့် ဂျပန်နိုင်ငံမှ Messer Nippon Kabushiki Koei Kaisha ဥက္ကဋ္ဌ မစ္စတာ ယူတက ကူဘိုတာတို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့၏ ကြီးကြပ်မှုအောက်တွင် မြန်မာနိုင်ငံမှ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ အင်ဂျင်နီယာနှင့် ကျွမ်းကျင်ဝန်ထမ်းများ၊ ဂျပန်နိုင်ငံမှ Mr. Kajima Construction ၏ ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

ဒုတိယစက်သုံးလုံးကို ၁၉၇၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ဓာတ်အားများ ဆက်လက်ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ယခုအခါ ဘီလူးချောင်းအမှတ်(၂) စက်ရုံသည် သက်တမ်းအားဖြင့် ၅၄ နှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ စက်ရုံသက်တမ်း ၃၂ နှစ်တွင် စက်အမှတ်(၁)၊ (၂)၊ (၃)တို့၏ စွမ်းဆောင်ရည်ကျဆင်းလာသဖြင့် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (PECF)မှ ဂျပန်ယန်း သန်းပေါင်း ၃၅၃၀ ဖြင့် အကြီးစားပြုပြင်ခြင်း (Recovation)လုပ်ငန်းကို ပထမအကြိမ် ဆောင်ရွက်ခဲ့ရာ စက်ခြောက်လုံးသည် မူလဒီဇိုင်းအတိုင်း ၂၈ မဂ္ဂါဝပ် (စွမ်းအားပြည့်) ပြန်လည်ရရှိခဲ့ပြီး ဓာတ်အားထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ ဓာတ်အားပေးစက်ခြောက်လုံးမှာ မူလဒီဇိုင်း၏ ၉၂ ရာခိုင်နှုန်းသာ ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ သက်တမ်း ၅၄ နှစ်ကျော်အသုံးပြုခဲ့သော အစိတ်အပိုင်းအများစုကို ချွတ်ယွင်းမှု၊ စက်ရပ်တန့်ရမှုမဖြစ်စေဘဲ ပိုမိုကောင်းမွန်စိတ်ချစွာ၊ သက်တမ်းကြာရှည်စွာ ဆက်လက်မောင်းနှင်နိုင်ရေးအတွက် အစားထိုးပြုပြင်ရန် လိုအပ်လာခြင်းတို့ကြောင့် ဂျပန်အစိုးရ၏ Official Development Assistant(ODA) အစီအစဉ်အရ ပြန်လည်ပေးဆပ်ရန်မလိုသော ငွေကြေးအကူအညီ Grant Aid ဖြင့် ဘီလူးချောင်းအမှတ်(၂) စက်ရုံ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ကူညီပေးခဲ့သည်။

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအနေဖြင့် နိုင်ငံတော်ဓာတ်အားထုတ်လုပ်ရေးအခန်းကဏ္ဍတွင် အရေးကြီးသော စက်ရုံတစ်ရုံအဖြစ် ဆက်လက်တည်ရှိနေစေရန် ကြံ့ခိုင်မှုရှိနေစေရေး၊ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ မူလဒီဇိုင်းအတိုင်း စွမ်းအားပြည့်ပြန်လည်ရရှိရေး၊ ရေရှည်ဓာတ်အားထုတ်လုပ်နိုင်ရေးတို့အတွက် ယုံကြည်စိတ်ချပြီး လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်ဓာတ်အားစနစ်ကို ယုံကြည်စိတ်ချတည်ငြိမ်စွာ ဓာတ်အားပို့လွှတ်နိုင်စေရေးစသည့် ရည်ရွယ်ချက်များဖြင့် အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်း(ပထမပိုင်း)ကို ၂၀၀၂-၂၀၀၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ (ODA)၊ ထောက်ပံ့ကူညီမှု (Grant Aid) ဂျပန်ယန်း ၆၂၈ သန်းဖြင့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂) ကလော Additional Circuit အတွက် ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ယင်းလိုင်းအတွက် Switchyard Extension လုပ်ငန်းဆောင်ရွက်ခြင်း၊ စက်ရုံတွင် Pump၊ Compressor လဲလှယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အလုံးစုံပြုပြင်မွမ်းမံခဲ့ပြီး လျှပ်စစ်ဓာတ်အားအပြည့် ပေးလွှတ်နိုင်ခဲ့သည်။

အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်း (ဒုတိယပိုင်း)ကို ၂၀၁၃-၂၀၁၆ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ (ODA)၊ ထောက်ပံ့ကူညီမှု၊ (Grant Aid) ဂျပန်ယန်း ၆၆၆၉ သန်းဖြင့် စက်ခြောက်လုံးကို အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းပထမအဆင့်အဖြစ် ဓာတ်အားပေးစက်အမှတ်(၁၊ ၂၊ ၃)တို့၏ အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ ဂျပန်နိုင်ငံမှ ပညာရှင်များ၊ မြန်မာနိုင်ငံမှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တာဘိုင်၊ ဂျင်နရေတာ၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၄၈ မျိုး လဲလှယ်ပြုပြင်ခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် အဆိုပါဓာတ်အားပေးစက်သုံးလုံးမှာ မူလဒီဇိုင်းအတိုင်း (၂၈×၃=၈၄) မဂ္ဂါဝပ်အပြည့်ဖြင့် ပြန်လည်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

အလားတူ ဒုတိယအဆင့်အနေဖြင့် လျှပ်စစ်ဓာတ်အားပေးစက်အမှတ် (၄၊ ၅၊ ၆)တို့ကို အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်အမှတ်(၆) ပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် တာဘိုင်၊ ဂျင်နရေတာ၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၂၁ မျိုး လဲလှယ်ခဲ့ရသည်။ စက်အမှတ်(၆)သည် မပြုပြင်မီ လျှပ်စစ်ဓာတ်အား ၂၄ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် မူလဒီဇိုင်းအတိုင်း ၂၈ မဂ္ဂါဝပ် စက်စွမ်းအားပြည့် ပြန်လည်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါစက်အမှတ်(၆) ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် Booster Transformer Bank 2 ရှိ Booster Transformer သုံးလုံး လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၃၀ ကေဗွီ ဘီလူးချောင်း(၂) တောင်ငူ (တောင်ပိုင်း) လိုင်းသို့ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် ကျန်စက်နှစ်လုံးကို ဆက်လက်ပြုပြင်လျက်ရှိရာ စက်အမှတ်(၅)သည် စ၆ ရာခိုင်နှုန်းနှင့် စက်အမှတ်(၄)သည် ၁၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ရာနှုန်းပြည့်ပြင်ဆင်ပြီးစီးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုကဲ့သို့ ဘီလူးချောင်း အမှတ်(၂)စက်ရုံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသော စက်ခြောက်လုံးကို အလုံးစုံပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးပါက စက်တစ်လုံးလျှင် မူလအတိုင်း ၂၈ မဂ္ဂါဝပ်အပြည့် ပြန်လည်ထုတ်လုပ်နိုင်မည်ဖြစ်၍ ဘီလူးချောင်းအမှတ်(၂)စက်ရုံရှိ စက်ခြောက်လုံးမှ စုစုပေါင်း လျှပ်စစ်ဓာတ်အား ၁၆၈ မဂ္ဂါဝပ် အပြည့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ငွေတောင်ပြည်က ဓာတ်အားပေးစက်များ ကြံ့ခိုင်မှုမြင့်တက်လာပြီး စက်စွမ်းအားပြည့် ပြန်လည်မောင်းနှင်နိုင်မှုနှင့်အတူ လျှပ်စစ်ဓာတ်အားများ မြန်မာ့ဓာတ်အားစနစ်သို့ ကောင်းမွန်စွာပို့လွှတ်နိုင်တော့မည်ဖြစ်၍ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခြင်းကို နှစ်ပေါင်း ၅၀ ကျော် ရွှေရတုလွန်ကာလအထိ ဆောင်ရွက်ခဲ့ရာမှ အနာဂတ်ကာလ စိန်ရတုအလင်းနှစ်များဆီသို့ စဉ်ဆက်မပြတ် ဆောင်ကြဉ်းလျက် . . . ။ ။

ဘီလူးချောင်း အမှတ်(၃) ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ။

သန်းဦး(လေးမျက်နှာ)

❖ **ဒုတိယသမ္မတမှ**

စစ်သံမှူး ဗိုလ်မှူးချုပ်ချစ်ဆွေ၊ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဗန်ကောက်မြို့ St. Regis Hotel သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ သတ္တမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အတွင်းရေးမှူးများ အစည်းအဝေးကို St. Regis Hotel Astor – 1 ၌ ကျင်းပရာ(**ဝဲပုံ**) ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီး မစ္စတာ အာခွန်တမ်ပီရာပိုင်စစ် ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများ၌ ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များ၊ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ကနဦးစီးပွားရေးလုပ်ငန်းများတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ၌ ဂျပန်နိုင်ငံ အစိုးရပါဝင်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး နေအိမ်သို့ရောက်ရှိကြပြီး မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ဖိုးကျားအပန်းဖြေဆင်စခန်းအား ကုမ္ပဏီများသို့ လေလံစနစ်ဖြင့်ငှားရမ်းမည်

ရေတာရှည် ဒီဇင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း(၁၀)မိုင်အကွာ၌ တည်ရှိသည့် ဖိုးကျားအပန်းဖြေဆင်စခန်းအား အပန်းဖြေဘန်ဂလို ခုနစ်လုံး၊ သရုပ်ပြဆင် ခုနစ်ကောင်ဖြင့် ၂၀၀၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ရန်ကုန် - မန္တလေး အမြန်လမ်းဖောက်လုပ်ပြီးနောက် လေးမိုင်ခန့်သာဝေးတော့သောနေရာဖြစ်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ အများအပြား လာရောက် လည်ပတ်ကြသည်ကို တွေ့ရသည်။

စတင်လုပ်ကိုင်စဉ်က အေးရှဂရင်းကုမ္ပဏီနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ အကျိုးတူလုပ်ကိုင်ခဲ့ပြီးနောက် ယခုအခါ ဝန်ကြီးဌာနမှ တိုက်ရိုက်လုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရသည်။ အဆိုပါ အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်ကြသည့်အခါ တောတွင်းဆင်စီးခြင်း၊ ဆင်ပြကွက်များနှင့် နှစ်သက်တမ်း ၁၀၀ ကျော်ရှိ ကျွန်းပင်ကြီးများကို စိတ်ဝင်တစားရှိခဲ့သော်လည်း ဝန်ဆောင်မှုအပိုင်းတွင် အားနည်းချက်များ ရှိသည်နှင့်အညီ ခရီးသွားများဝင်ရောက်မှု သိသာစွာ ကျဆင်းခဲ့ကြောင်း ဆင်စခန်းရှိ တာဝန်ခံကြီး ဦးရဲမြင့်က ပြောပြသည်။

"လာတဲ့ခရီးသွားတွေက ဆင်စီးချင်တယ်။ ဒါပေမယ့် ကျွန်တော်တို့ဒီမှာက မနက် ၈ နာရီကနေ ၁၀ နာရီ အထိပဲဆင်စီးဖို့ အချိန်သတ်မှတ်ထားတော့ သူတို့ရောက်တဲ့နေ့လယ်ပိုင်းမှာ ဆင်တွေက တောထဲလွှတ်ထားတဲ့ အချိန်ဆိုတော့ အဆင်မပြေတော့ဘူး။ နောက်တစ်ခုက အရင်လက သားမွေး ဆင်ပိုင်းမှာ ဆင်လေးတစ်ကောင်သေသွားတယ်။ ပိုင်းရပ်စ်ကြောင့်လို့ ဆင်ဆရာဝန်ကပြောတယ်။ ကူးစက်ရောဂါဆိုရင် ရေကြောင့်ရော၊ လေကတစ်ဆင့်ပါ ကူးစက်နိုင်တဲ့အတွက် ၁၃ မိုင်ကို ဆင်တွေအကုန်ပို့ထားရတာ။ နောက်ကျွန်းစိုက်ခင်းတွေ ဒီဘက်မှာများလာတော့ ဆင်တွေ လွှတ်ရတာအဆင်မပြေဘူး။ ၁၃ မိုင်ကိုပဲပို့ရတာတွေရှိပါတယ်။ ဧည့်သည်လာမယ်လို့ကြိုပြောမှ ဆင်တွေ ကောက်ပြီး အသင့်စောင့်ခိုင်းထားရတယ်"ဟု တောအုပ်ကြီးက ဆက်၍ရှင်းပြသည်။

ဆင်စခန်းနှင့် ပတ်သက်၍ကုမ္ပဏီများသို့ လေလံစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နိုင်ရန် ရုံးချုပ်ကပင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လှပသောတောတောင်သဘာဝ၊ ကွေ့ဝိုက်စီးဆင်းနေသည့် သိုင်းချောင်းနှင့်အတူ ပန်းရနေသည့် ဖိုးကျားအပန်းဖြေဆင်စခန်းအား ယခုထက်ပိုမိုစည်ကားသိုက်မြိုက်မှုရှိစေရန် ဒေသခံများကလည်း လိုလားလျက်ရှိပြီး ဧည့်အဝင်နည်းပါးမှုနှင့်အတူ အနီးအနားရှိ ဈေးဆိုင်များပါ ရပ်တည်ရန်ခက်ခဲမှုများရှိနေကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြည်တွင်းကျောက်မျက်ကုန်သည်များ မြန်မာကျပ်ငွေဖြင့်ဝယ်ယူရ၍ အဆင်ပြေ

နေပြည်တော် ဒီဇင်ဘာ ၁၃

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသော ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ ကျင်းပခဲ့ရာ ရောင်းသူ ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များနှင့် ဝယ်ယူသူပြည်တွင်းကျောက်မျက်ရတနာကုန်သည်များအတွက် အဆင်ပြေစွာ ရောင်းဝယ်နိုင်ခဲ့ကြသည်။

"ကျွန်တော်တို့ သူငယ်ချင်းတွေ စုပြီး တစ်နိုင်တစ်ပိုင် လာဝယ်တာ နှစ်တွဲရတယ်။ ၇၁ သိန်းဖိုးပေါ့။ ကျွန်တော်တို့က အချောထည်မလုပ်ပါဘူး။ တစ်လုံးချင်း၊ တစ်ခြမ်းချင်း အရည်အသွေးကြည့်ပြီး ပြန်ရောင်းမှာပါ။ အခု ဝယ်လို့ရတဲ့ကျောက်တွေကို သေချာပြန်စစ်ဆေးကာ အမှတ်အသားမှတ်သေချာထုပ်ပိုးပြီး ဂရုစိုက်လုပ်ရတယ်။ ကျွန်တော်တို့ကို ထမင်းကျွေးတဲ့အလုပ်လေ"ဟု ကျောက်မျက်အတွဲဝယ်ယူသူ လူငယ်တစ်ဦးက ပြောသည်။

"ကုမ္ပဏီက ကျောက်တွဲ ၁၀ တွဲ တင်တယ်။ ရှစ်တွဲ ရောင်းရတယ်။ မရောင်းရတဲ့ ကျောက်တွဲကို မနက်ဖြန်ကစပြီး နောက်လ ၄ ရက်အထိ ပြန်ထုတ်ယူရမယ်။ ရောင်းရတဲ့ ကျောက်တွဲတွေက အရောင်းအဝယ်စာချုပ်ကို ရောင်းသူဝယ်သူချက်ချင်း စာချုပ်ရတယ်။ မြန်မာ အချင်းချင်း ဆိုတော့ စိတ်ချရတယ်" ဟု ကုမ္ပဏီတစ်ခုမှ မန်နေဂျာ ဖြစ်သူက ပြောသည်။

"ကျောက်မျက်ထုတ်လုပ်မှုက အခုချိန်ကမသေချာ မရေရာဖြစ်နေတဲ့အချိန်၊ ဈေးကွက်ကျနေတုန်း ကျောက်ကောင်းတွေဝယ်ပြီး ငွေကြေးမြှုပ်နှံထားရတယ်" ဟု ကျောက်မျက်ရတနာကုန်သည်တစ်ဦးက ပြောသည်။

ယခုပြပွဲတွင် ကျောက်စိမ်းအသားကျောက် အတွဲပေါင်း ၆၈၂၆ တွဲ တင်ဒါဖွင့်လှစ်ရောင်းချခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၄၆၀၀ ကျော်ခန့် ရောင်းချနိုင်ခဲ့သောကြောင့် ပြည်တွင်းကျောက်မျက်ကုန်သည်များအတွက် အဆင်ပြေစေသော ပြပွဲဖြစ်ခဲ့ကြောင်း သိရသည်။

ခွန်(ဝင်းပ)

❍ **ကျောပုံးမှ**

အဆိုပါပြိုင်ပွဲကို မြန်မာအသင်းအပါအဝင် တရုတ်၊ ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ)အသင်းတို့ လေးသင်းယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့် ကစားစေမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲနှင့် ကျန်နှစ်သင်းမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

■

အေးခဲကြက်သားများအား မီးရှို့ဖျက်ဆီး

တာချီလိတ် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့မှတစ်ဆင့် ကျိုင်းတုံမြို့သို့ သယ်ယူပို့ဆောင်မည့် ထိုင်းနိုင်ငံထုတ် CP အမှတ်တံဆိပ်ပါ ငွေကျပ် ၁၅ သိန်းကျော်တန်ဖိုးရှိ အေးခဲကြက်သားများအား တာချီလိတ် Mobile Team မှ ဒီဇင်ဘာ ၇ ရက်က ဖမ်းဆီးသိမ်းဆည်းရမိပြီး မီးရှို့ဖျက်ဆီးလိုက်ကြောင်း Mobile Team အဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်-ကျိုင်းတုံလမ်းပေါ်ရှိ တာလေတိုးဂိတ်အနီးတွင် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထက်မင်းဦးစီးသည့် Mobile Team အဖွဲ့က ရှောင်တခင်စစ်ဆေးရာမှ အေးခဲကြက်သား စုစုပေါင်း ၅၂၄ ကီလိုခန့်အား သိမ်းဆည်းရမိခြင်း ဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိသည့် အေးခဲကြက်သားများကို အကောက်ခွန်ဦးစီးဌာနတွင် အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အဖွဲ့စုံဖြင့် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဝေယံလင်း)

ဥတုရာသီ
တောကိုမှီ၏

ပြည်တွင်းရေးရာ

ဖိုလ်ဝင်တောင် သာသနာ့နယ်မြေဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလောင်းတော်ကဿပသို့ လာရောက်ကြမည့် ဘုရားဖူးများဖြင့် ဆောင်ရွက်မည်

မုံရွာ ဒီဇင်ဘာ ၁၃

လာမည့်ပွင့်လင်းရာသီတွင် အလောင်းတော်ကဿပသို့ လာရောက်ကြမည့် ဘုရားဖူးခရီးသည်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် သာသနာ့နယ်မြေဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလောင်းတော်ကဿပ အကျိုးတော်ဆောင်အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဌေး ထံမှ သိရသည်။

"ဖိုလ်ဝင်တောင် ဆရာတော်ကြီးပျံ့လွန်တော်မမူခင် နှစ်ပေါင်း ၅၀ က ပြုလုပ်တော်မူခဲ့တဲ့အတိုင်း နှစ်စဉ်သွားနေကျပုံစံ ဖိုလ်ဝင်တောင်ကနေ အလောင်းတော်ကဿပကို သွားကြမှာပါ။ အလောင်းတော်ကဿပ ဘုရားဖူး အစီအစဉ်၊ ထမနဲပွဲနဲ့ ဘုရားပွဲစုပေါင်းကျင်းပပွဲကို လာမယ့်ဖေဖော်ဝါရီလယ်မှာ သွားရောက်ကျင်းပမှာပါ။ များသောအားဖြင်း အလောင်းတော်ကဿပဘုရားဖူးကို မုံရွာကနေတစ်ဆင့် နေ့ချင်းပြန် သွားကြတာများပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်ကနေ နှစ်စဉ်ထွက်တဲ့အဖွဲ့ကို ဦးဆောင်ပို့ပေးနေတာ နှစ် ၃၀ ကျော်ပါပြီ။ နှစ် ၃၀ အတွင်း အလောင်းတော်ကဿပမှာ စံကျောင်း၊ ရေတွင်းတွေဖွံ့ဖြိုးတိုးတက်အောင် ဆရာတော်ကြီးရဲ့ ညြတ်ခဲနဲ့အညီ ဆောင်ရွက်ခဲ့ပါတယ်။ ရှေ့ဆက်လည်း ဆရာတော်ကြီးရဲ့ ဆန္ဒတော်အတိုင်း အလောင်းတော်ကဿပဖွံ့ဖြိုးရေးသာမက ဖိုလ်ဝင်တောင် တစ်ခွင်လုံး သာသနာတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်ဌေးက ပြောသည်။

ပြီးခဲ့သည့်နှစ် ဘုရားဖူးရာသီက ရန်ကုန်အဖွဲ့မှ ဘုရားဖူး ဦးရေ ၆၀၀ ကျော် လာရောက်ခဲ့ကြပြီး ယခုနှစ်တွင် ဘုရားဖူးခရီးသည် ပိုမိုများပြားလာမည်ဖြစ်ကြောင်းနှင့် ခရီးသည်များပြားလာသည်နှင့်အမျှ တစ်ဦးချင်းစိတ်အေးချမ်းသာစွာဘုရားဖူးနိုင်ရန်နှင့် ကုသိုလ်ပွားများနိုင်ရန်အတွက် စီစဉ်လျက်ရှိသကဲ့သို့ တိုးလာမည့်ဘုရားဖူးခရီးသွားများ၏ အားကိုယူ၍ အလောင်းတော်ကဿပသာမက ဖိုလ်ဝင်တောင်သာသနာ့နယ်မြေတစ်ခွင်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရန်ကုန် - မန္တလေး မီးရထားလမ်းပိုင်း အဆင့်မြှင့်တင်

ဖြူး ဒီဇင်ဘာ ၁၃

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် မီးရထားဖြင့် စီးနင်းသွားလာကြသော ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာသွားလာနိုင်ရေးနှင့် မီးရထားခုတ်မောင်းနေစဉ် ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်းတို့ဖြစ်ပေါ်ခြင်းမရှိစေရန် မြန်မာ့မီးရထား တိုင်း(၆) နယ်မြေအတွင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျွဲပွဲနှင့် ညောင်ခြေထောက်ကြား အစုန်လမ်းပိုင်းကို အထွေထွေမန်နေဂျာ (မြို့ပြ)ဦးတင်စိုး၏ စီစဉ်ညွှန်ကြားမှုအရ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးကျော်လင်းနှင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးတင်မိုးတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး လေးချောင်းဆက် သံလမ်းလဲလှယ်ခြင်း Allim စက်ပါကင် ရိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်အထိ ခုနစ်မိုင်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

မိုးပိုင်နေ(ဖြူး)

သွေးပေးလှူကာ အသက်ကယ်ပါ

ဒေါက်တာသီတာအောင်

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့သည် မြန်မာနိုင်ငံ၏ သွေးလှူရှင်များကို ဂုဏ်ပြုသော"သွေးလှူရှင်များနေ့" ဖြစ်ပါသည်။ ယခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် (၃၉)ကြိမ်မြောက် သွေးလှူရှင်များနေ့အခမ်းအနားကို သူနာပြုတက္ကသိုလ်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကျင်းပနိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သွေးလှူရှင်စုဆောင်းပေးသူများ၊ ဌေကြေးလှူဒါန်းပေးသူများနှင့် အကြိမ်(၁၀၀)အထက် သွေးလှူရှင် ၇၀၊ အကြိမ်(၁၀၀)သွေးလှူရှင်လေးဦး၊ (၉၅)ကြိမ်မြောက်သွေးလှူရှင် ၂၁ ဦး၊ အကြိမ်(၉၀)မြောက် သွေးလှူရှင် ၂၉ ဦး၊ (၈၅)ကြိမ်မြောက် သွေးလှူရှင် ၃၅ ဦး၊ (၇၅)ကြိမ်မြောက် သွေးလှူရှင် ၂၅ ဦး၊ အကြိမ်(၇၀)မြောက် သွေးလှူရှင် ၂၉ ဦး၊ (၆၅)ကြိမ်မြောက် သွေးလှူရှင် ၂၈ ဦး၊ အကြိမ်(၆၀)မြောက် သွေးလှူရှင် ၃၂ ဦး၊ (၅၅)ကြိမ်မြောက် သွေးလှူရှင် ၂၄ ဦး၊ အကြိမ်(၅၀)မြောက်သွေးလှူရှင် ၃၃ ဦး၊ (၄၅)ကြိမ်မြောက် သွေးလှူရှင် ၃၅ ဦး၊ အကြိမ်(၄၀)မြောက် သွေးလှူရှင် ၄၂ ဦး၊ သံယာတော်နှင့် သီလရှင် ၃၄ ပါး စုစုပေါင်း သွေးလှူရှင် ၄၇၃ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားချီးမြှင့်ခဲ့ပါသည်။ ဆေးကုသမှုနယ်ပယ်တွင် ကျေးဇူးတင်ထိုက်သည့် စေတနာသွေးလှူရှင်ကြီးများကို ပစ္စည်းတန်ဖိုးအတိုင်းအတာဖြင့်မဟုတ်ဘဲ အလေးဂရုပြုခြင်းဖြင့် ကျေးဇူးတင်ကြောင်းဖော်ပြပေးခဲ့သည့် အခမ်းအနားဖြစ်သဖြင့် ကြည်နူးဖွယ်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် သွေးသွင်းကုသမှုဖြင့် လူနာများအား စတင်ကုသချိန်ဖြစ်သော ၁၉၃၅ ခုနှစ်ခန့်က သွေးလှူရှင်များအား သွေးလှူဒါန်းပြီးလျှင် သင့်တင့်သောအခကြေးငွေကို ချက်ချင်းပြန်လည်ပေးအပ်ခြင်းဖြင့် ကျေးဇူးတင်ကြောင်း ဖော်ပြပေးခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ (ယခု မြန်မာ့သွေးလှူရှင်များနေ့ဟု သတ်မှတ်ခဲ့သည်။) တွင် ဗဟိုသွေးလှူဘဏ်ကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ အခကြေးငွေဖြင့် ချက်ချင်းကျေးဇူးဆပ်ခြင်းကို ရပ်ဆိုင်းပြီး တစ်နှစ်လျှင် တစ်ကြိမ် စေတနာသွေးလှူရှင်များကို ကျေးဇူးတုံ့ပြန်သည့် အခမ်းအနားကျင်းပခြင်းဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ ယခုအခါတွင် (၃၉)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ယခင်က အကြိမ်(၄၀) သွေးလှူဒါန်းပြီးပါက လူမှုထူးချွန် တတိယအဆင့်၊ အကြိမ်(၆၀)သွေးလှူဒါန်းပြီးပါက လူမှုထူးချွန် ဒုတိယအဆင့်၊ အကြိမ်(၇၀)သွေးလှူဒါန်းပြီးသူများကို လူမှုထူးချွန် ပထမအဆင့်ဟူ၍ နိုင်ငံတော်ပြန်တမ်းမှ ဂုဏ်ပြုခဲ့ပါသည်။

သူတစ်ပါး၏ ဝေဒနာခံစားမှုကို မိမိတို့၏ ကျန်းမာအောင် အသိရှိရှိ နေထိုင်စားသောက်ခြင်း၊ ကူးစက်ရောဂါရရှိနိုင်သော လူနေမှုစရိုက်များနှင့် ကင်းဝေးအောင် သတိရှိရှိနေထိုင်ခြင်း၊ ထို့အပြင် သွေးလှူဘဏ်သို့ လာရောက်လှူဒါန်းဖြစ်သည်အထိ တွန်းပို့ပေးကြသည့် စေတနာ၊ ဝိရိယ တို့သည် စဉ်ဆက်မပြတ်လှူဒါန်းနေသော သွေးလှူရှင်များ၏ လေးစားအပ်သည့် ဂုဏ်ရည်များဖြစ်ပါသည်။

မြန်မာနိုင်ငံသွေးလှူဘဏ်လုပ်ငန်းကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးနေသော စေတနာသွေးလှူရှင်များနှင့် ၎င်းတို့ လှူဒါန်းခွင့်ရရှိစေရန် ဦးဆောင်တိုက်တွန်းနှိုးဆော်ပေးသော အဖွဲ့များ၏ ထောက်ပံ့မှုတို့ကြောင့် ၂၀၁၄ ခုနှစ် Developing Country Award ကိုအဖွဲ့ဝင်ပေါင်း ၁၆၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ သွေးသွင်းကုသမှုအဖွဲ့ အစည်းမှ အမျိုးသားသွေးဌာနသို့ ချီးမြှင့်ခဲ့ပါသည်။ စေတနာသွေးလှူရှင်များ၏ ပါဝင်မှု၊ အသစ်လှူဒါန်းသူများနှင့် ပြန်လည်လှူဒါန်းပေးနေသူများ၊ စစ်ဆေးသောနည်းစနစ်များ၏ မှန်ကန်စွာကိုင်တွယ်စစ်ဆေးမှု၊ အချက်အလက်များကို ပြန်လည်စစ်ဆေးနိုင်မှုတို့အပေါ်မူတည်၍ ယင်းဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပေသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ၁၀နှစ်တာကာလအတွင်း မြန်မာနိုင်ငံသွေးသွင်းကုသမှု၏အန္တရာယ် ကင်းရန်အာမခံနိုင်မှုမှာ ၈၀ ရာခိုင်နှုန်းခန့် တိုးတက်လာပေသည်။

> **စေတနာသွေးလှူရှင် လုံလောက်စွာ မစုဆောင်းနိုင်ပါက တိုးတက်လာသည့်နည်းပညာဖြင့် စမ်းသပ်စစ်ဆေးပြင်ဆင်မှုများ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အဓိကထောက်ပံ့ရမည့် ရောဂါဝေဒနာရှင်များ၏ သက်သာပျောက်ကင်းမှုကို တိုးတက်အောင် လုပ်ဆောင်နိုင်မှု၏ အဓိကလိုအပ်ချက်မှာ စေတနာသွေးလှူရှင်များပင် ဖြစ်ပေသည်။**

ယင်း Award ကိုအခြေပြု၍ Education Symposium ကို ၂၀၁၅ ခုနှစ် မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့၌ နိုင်ငံပေါင်းစုံမှ သွေးလှူဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက သွေးသွင်းကုသမှု လမ်းညွှန်အတည်ပြုခြင်းနှင့် နည်းပညာဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသော (၂၆)ကြိမ်မြောက် ဒေသတွင်းသွေးလှူဘဏ် လုပ်ငန်းဆိုင်ရာ ညီလာခံတွင်လည်း မိမိတို့နိုင်ငံအနေဖြင့် လူနာများ အန္တရာယ်ကင်းစေရေးအတွက် ဌေကြေးမြောက်မြားစွာ ထောက်ပံ့ရခြင်းဟူသော အထောက်အကူမရှိသော်လည်း စေတနာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍဖြင့် လျှောက်လှမ်းခဲ့ပုံကို တင်ပြပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လမှစ၍ လူနာများ၏ သွေးသွင်းကုသမှုအတွက် ပြည်သူ့ဘဏ္ဍာဖြင့် ထောက်ပံ့မှုကိုစတင်နိုင်ခဲ့၍ နည်းပညာများကို အဆင့်မြှင့်တင်နိုင်သည့်အပြင် လူနာများမှာ ဌေကြေးကြောင့်ကြမှုမရှိဘဲ ကုသမှုခံယူနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် လူနာများ၏ ၉၆ ဒသမ ၄ ရာခိုင်နှုန်း(၄၉၀၀၀ခန့်) မှာ သွေးလိုအပ်ပါက မည်သည့်သွေးလှူရှင်၊ ဌေကြေးမျှ ကုန်ကျမှုမရှိဘဲ ကုသမှုခံယူနိုင်ခဲ့ပါသည်။ ၃ ဒသမ ၆ ရာခိုင်နှုန်း(၃၀၀၀ ခန့်)မှာ စစ်ဆေးမှုများအတွက် ကုန်ကျမှုမရှိသော်လည်း သွေးလှူရှင်များရှာဖွေရမှုရှိနေပါသည်။ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာဖြင့် ပြည်သူတို့ကို နည်းပညာဆိုင်ရာထောက်ပံ့နေစဉ်တွင် စေတနာသွေးလှူရှင်များ တစ်လလျှင် ၃၀၀ ခန့် ပိုမိုလှူဒါန်းပါက လူနာ ၁၀၀ ရာခိုင်နှုန်းမှာ သွေးသွင်းကုသမှုအတွက် အပူအပင်မရှိ ကုသမှုခံယူနိုင်မည်ဖြစ်ပေသည်။

စေတနာသွေးလှူရှင်စုဆောင်းမှုကို အထောက်အကူပြုနိုင်ရန်အတွက် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံကလည်း ၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ရွှေ့လျားသွေးလှူဒါန်းယာဉ်(Mobile Blood Collection Van)ကို ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းထံ လှူဒါန်းခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း သွေးလှူဘဏ်လုပ်ငန်းဆိုင်ရာ လူ့အရင်းအမြစ်တိုးပွားရေးအတွက် ၂၀၁၆ ခုနှစ် စာသင်နှစ်တွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ သွေးသွင်းကုသမှုဆိုင်ရာ ဒီပလိုမာတစ်နှစ်သင်တန်းကို စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ သွေးဘဏ်လုပ်ငန်းများအတွက် သင့်တော်သော ပညာရှင်အင်အား၊ စက်ပစ္စည်းများကို ထောက်ပံ့နိုင်ရန် စတင်စီမံနေပြီဖြစ်ပါသည်။

နည်းပညာဆိုင်ရာ တိုးတက်မှုအတွက် ဌေကြေးထောက်ပံ့မှုဖြင့် တိုးတက်အောင် ဆောင်ရွက်နိုင်စေကာမူ အခြားပညာရပ်များနှင့် လုံးဝ တူညီမှုမရှိသော သွေးသွင်းကုသမှုနယ်ပယ်၏ အဓိကထူးခြားချက်မှာ တိုးတက်လာမည့် ဦးတည်ချက်အားလုံးအတွက် စေတနာသွေးလှူရှင်များသည် မရှိမဖြစ်သော အထောက်အပံ့ဖြစ်ပေသည်။ စေတနာ သွေးလှူရှင် လုံလောက်စွာ မစုဆောင်းနိုင်ပါက တိုးတက်လာသည့် နည်းပညာဖြင့် စမ်းသပ်စစ်ဆေးပြင်ဆင်မှုများ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အဓိကထောက်ပံ့ရမည့် ရောဂါဝေဒနာရှင်များ၏ သက်သာပျောက်ကင်းမှုကို တိုးတက်အောင် လုပ်ဆောင်နိုင်မှု၏ အဓိကလိုအပ်ချက်မှာ စေတနာသွေးလှူရှင်များပင် ဖြစ်ပေသည်။

တိုးတက်ဖွံ့ဖြိုးပြီး တိုင်းပြည်များ၏ သွေးသွင်းကုသမှုခရီးသည်ပင် နှစ်ပေါင်း ၃၀ ကျော်မှ အန္တရာယ်ကင်းခြင်းဟူသောရလဒ်ကို နည်းပညာ၊ ဌေကြေး၊ ကျွမ်းကျင်မှုများ စုပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ခြင်းကြောင့်သာ ရရှိခဲ့ပေသည်။

မြန်မာနိုင်ငံ၏ သွေးသွင်းကုသမှု ဆောင်ရွက်ချက်များသည် နည်းပညာလုံခြုံမှုအရ အခြေခံလိုအပ်ချက်များကို ယခုနှစ်မှ ပြည့်မီရုံသာ ရှိနေသေးသည်။ ထို့ကြောင့် စီမံခန့်ခွဲသူများ၊ ပညာရှင်များ၊ စေတနာသွေးလှူရှင်ပြည်သူများ၊ လုပ်အားရှင်များ၊ သွေးလှူရှင်များ၏ ဆောင်ရွက်ချက်များအတွက် ထောက်ပံ့နိုင်သည့် ဓနရှင်များ အားလုံးဝိုင်းဝန်း၍ တက်ညီလက်ညီဆောင်ရွက်မှသာ အခြားတိုင်းပြည်များ၏ လူနာများ အပေါ် တာဝန်ကျေပွန်နိုင်မှုနှင့် နှိုင်းယှဉ်နိုင်မည် ဖြစ်ပေသည်။

ယခုအချိန်အထိ စဉ်ဆက်မပြတ် လှူဒါန်းပေးနေပါသောစေတနာသွေးလှူရှင်များ၊ သွေးလှူဒါန်းပွဲများ ဖြစ်မြောက်အောင် ဝိုင်းဝန်းထောက်ပံ့နေသူများနှင့် လူနာများအား အဆင်ပြေစွာ ကုသမှုခံယူနိုင်ရန် တက်ကြွစွာပါဝင်ပေးသော ဝန်ထမ်းများအားလုံးအား လူနာများ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်၍ ထောက်ပံ့နိုင်ရန် အဘက်ဘက်မှ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

အထူးကုန်စည်ခွန်ဥပဒေကြမ်း

(ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ယမန်နေ့မှအဆက်

၂၃။ (က) မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အထူးကုန်စည် ထုတ်လုပ်မှုပမာဏနှင့် သက်ဆိုင်သည့် မမှန်မကန်သော ကြေညာလွှာကို တမင်သက်သက် ပေးပို့ကြောင်း၊ မမှန်မကန်သော သို့မဟုတ် မမှန်မကန်ဟု မိမိသိရှိ ယုံကြည်သော အထောက်အထားများကို တင်ပြကြောင်း တွေ့ရှိလျှင် ကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကို ပေးဆောင်ရမည့် အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ ပြစ်မှုကို ကျူးလွန်ကြောင်း တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ အောက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်-

(က) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သော သဘောဖြင့် ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘော ဖြင့်ဖြစ်စေ အလွဲသုံးစားပြုလုပ်ခြင်း၊

(ခ) လုံလောက်သော အကြောင်းမရှိဘဲ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ဥပဒေနှင့် အညီ ဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဟန့်တားခြင်း။

၂၅။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ လာဘ်ပေးလာဘ်ယူ ပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန်အားထုတ်လျှင် ထိုသူကို ဖြစ်မှုဆိုင်ရာ ဥပဒေအရ ဖြစ်စေ၊ ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုရမည်။

အခန်း(၁၁)
အရကောက်ခံခြင်း

၂၆။ ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်ကို သတ်မှတ်ကာလအတွင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ခြင်း မပြုလျှင်-

(က) အခွန်ထမ်းကို ပျက်ကွက်သူအဖြစ် လည်းကောင်း၊ ပေးဆောင်ရန် ပျက်ကွက်သည့် အခွန်ငွေကို အခွန်မပြေကျန်ငွေအဖြစ် လည်းကောင်း မှတ်ယူရမည်။

(ခ) အခွန်ထမ်းထံမှ အခွန်မပြေကျန်ငွေကို ဝင်ငွေခွန် မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

အခန်း(၁၂)
ထပ်ဖြည့်လုပ်ပိုင်ခွင့်များ

၂၇။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံး ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး ဌာနမှူး သို့မဟုတ် အခွန်အယူခံ ခုံအဖွဲ့သည် ဤဥပဒေပါကိစ္စရပ်များနှင့် သက်ဆိုင်သည့် လိုအပ်သော သတင်းအချက်အလက်ရှိသူတိုင်းကို ယင်းသတင်းအချက်အလက်တို့ကို ပေးပို့စေရန် တောင်းဆိုနိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၇ အရ သတင်းအချက်အလက်များ တင်ပြရန်ပျက်ကွက်လျှင် ထိုသူအား ၁၅ ရက်အထိ အချိန်ထပ်မံတိုးမြှင့်ပေးနိုင်သည်။

(က) ယင်းသို့ တိုးမြှင့်ပေးသော အချိန်အတွင်း တင်ပြရန် ဆက်လက်ပျက်ကွက်ပါက ထိုသူအား တရားမကျင့်ထုံး ဥပဒေနှင့်အညီ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံ ခုံအဖွဲ့က ကျင့်သုံးဆောင်ရွက်လျက် မည်သည့်အကြောင်းကြောင့် ပျက်ကွက်ကြောင်းကို စစ်ဆေးနိုင်သည်။ ပျက်ကွက်ရသည့် အကြောင်းမှာ ထိုသူ၏ ပယောဂမပါဘဲ သက်ဆိုင်ရာ စာရွက်စာတမ်းများ ပျောက်ပျက်ခြင်းကြောင့်ဖြစ်ပါက ယင်းအားမှတ်မိသမျှ ကတိသစ္စာပြုလုပ်တင်သွင်းရန် ခွင့်ပြုနိုင်သည်။

(ခ) လုံလောက်သောအကြောင်းမရှိဘဲ ထိုသူက တင်ပြရန်ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံ ခုံအဖွဲ့က တွေ့ရှိလျှင် ယင်းအားတရားစွဲဆိုနိုင်သည်။

၂၉။ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ) အရ တရားစွဲဆိုခံရပြီး သတင်းအချက်အလက် တင်ပြရန် လုံလောက်သောအကြောင်းမရှိဘဲ တင်ပြရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည်။

၃၀။ ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ် လွှဲအပ်တာဝန်ပေးခြင်းခံရသူသည် -

(က) ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်အတွက် မည်သည့် နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ အထောက်အထားနှင့် အခြားစာရွက် စာတမ်းများ ၊ လုပ်ငန်းဥပစာနေရာများ၊ အဆောက်အအုံများ အားလုံးကို ဝင်ရောက်ခွင့်၊ လွတ်လပ်စွာ အပြည့်အဝ ဆောင်ရွက်နိုင်ခွင့်တို့ ရှိသည့်အပြင် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည် -

(၁) အဆိုပါစာရင်းစာအုပ်များ၊ အထောက်အထားနှင့် အခြား စာရွက်စာတမ်းများကို ကောက်နုတ်ချက်များထုတ်ယူခွင့်နှင့် မိတ္တူများကူးယူနိုင်ခွင့်၊

(၂) ဥပစာအတွင်း၌ရှိသောကုန်စည်များ၊ ပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများနှင့် ကွန်တိန်နာများအားလုံးကို မှတ်တမ်းတင်ခြင်း၊ ရေတွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(၃) ထို့သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများအပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ်အသားများရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများကူးယူခွင့်၊

(၄) အခွန်ကျသင့်သည့် အထူးကုန်စည်များထားရှိသော သိုလှောင်ရုံ တစ်ခုခုမှ ထွက်ခွာလုဆဲဆဲ သယ်ယူပို့ဆောင်သည့်ယာဉ်များကို ရပ်တန့်ရန် တောင်းဆိုနိုင်သည်။

(၅) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သည့် အမှုကိစ္စ တစ်ခုခုအတွက် ဟန့်တားခြင်း၊ ငြင်းပယ်ခြင်း ပြုမည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံးဌာနမှူးထံ အမြန်ဆုံးအစီရင်ခံ တင်ပြရမည်။

(ဃ) ပုဒ်မခွဲ(က)ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်သော ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ပိုင်ရှင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦး ရှေ့မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သိမ်းဆည်းခြင်း ဖြစ်လျှင် လက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးရမည့် အပြင် ယင်းတို့ကို စစ်ဆေးရန် လိုအပ်သည့်ကာလအထိသာ လက်ဝယ်ထားရှိရမည်။

၃၁။ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာအတွင်းသို့ ဝင်ရောက်မှုအတွက် အခွင့်အာဏာရှိကြောင်း သက်သေခံတစ်ရပ်ကို ထိုနေရာတွင် လက်ရှိနေထိုင်သူက တောင်းဆိုသည့်အခါ ပုဒ်မ ၁၂ အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အခွင့်အာဏာပေးခြင်းခံရသူဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် စာသက်သေခံတစ်ရပ်ကို ထုတ်ဖော်ပြသခြင်းမပြုနိုင်လျှင် အဆိုပါအဆောက်အအုံ သို့မဟုတ် လုပ်ငန်း ဥပစာနေရာတစ်စုံတစ်ရာသို့ ဝင်ရောက်ရန် သို့မဟုတ် ဆက်လက်တည်ရှိရန် အခွင့်မရှိစေရ။

အခန်း(၁၃)
အထွေထွေ

၃၂။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့် အခွန်ကို ပေးဆောင်ရန်စီမံပြီးကြောင်း သက်သေခံလက်မှတ်ကို ဤကိစ္စအတွက် ဝန်ကြီးဌာနက တာဝန်လွှဲအပ်သောအဖွဲ့ထံမှ မရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ။

သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ချွင်းချက်ပြုနိုင်သည်။

၃၃။ အထူးကုန်စည်များ ပြည်ပမှ တင်သွင်းခြင်းအတွက် ကောက်ခံရငွေမှ အပဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အခွန်ကောက်ခံရငွေ အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

၃၄။ ဝန်ကြီးဌာနသည် -

(က) အခွန်ကျသင့်သော အထူးကုန်စည်များအနက် အခွန်အမှတ်တံဆိပ်ကပ်နိုပ် ရောင်းချစေရမည့် သို့မဟုတ် အခြားနည်းလမ်းကျင့်သုံးစေရမည့် အထူးကုန်စည်များကို သတ်မှတ်နိုင်သည်။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်း၊ အခြားနည်းလမ်းကျင့်သုံးစေခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(ဂ) အထူးကုန်စည်ခံဝန်ချုပ်ဖြင့် အထူးကုန်စည်များ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၅။ ၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည် -

(က) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမိန့်ကြော်ငြာစာများ၊ အမိန့်များ ထုတ်ပြန်နိုင်သည်။

(ဂ) ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ညွှန်ကြားရေးမှူးချုပ်အား ထုတ်ပြန်စေနိုင်သည်။

အထူးကုန်စည်ခွန် ကျသင့်သည့် အထူးကုန်စည်များ

အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းစျေးတန်ဖိုး သို့မဟုတ် စျေးကွက်ပေါက်စျေးအပေါ် အခြေပြု၍ ညွှန်ကြားရေးမှူးချုပ်က ခန့်မှန်းသတ်မှတ်သည့် ရောင်းစျေးတန်ဖိုး ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည် -

စဉ်	အထူးကုန်စည်အမျိုးအစား	တန်ဖိုးအဆင့်	အခွန်နှုန်း
၁။	(က) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းစျေး ကျပ် ၃၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(ခ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းစျေး ၃၀၁ ကျပ် မှ ကျပ် ၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(ဂ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းစျေး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(ဃ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းစျေး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(င) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းစျေး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(စ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းစျေး ၃၀၀၁ ကျပ်နှင့် အထက် ဖြစ်လျှင်	တန်ဖိုး၏ %
	(ဆ) စီးကရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း)	ကုန်းပေါ်ရောက်တန်ဖိုး	%
၂။	ဆေးရွက်ကြီး။		%
၃။	ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။		%
၄။	ဆေးပေါ့လိပ်။		%
၅။	ဆေးပြင်းလိပ်။		%
၆။	ဆေးတံသောက်ဆေးများ။		%
၇။	ကွမ်းစားဆေးအမျိုးမျိုး။		%
၈။	(က) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ခ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၁ မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဂ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၁၀၀၁ မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်

စာမျက်နှာ ၁၁ သို့

ပြည်တွင်းရေးရာ

စာမျက်နှာ ၁၀ မှ

စဉ်	အထူးကုန်စည်အမျိုးအစား	တန်ဖိုးအဆင့်	အခွန်နှုန်း
	(ဃ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၂၀၀၁ မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(င) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၃၀၀၁ မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(စ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၄၀၀၁ မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဆ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၀၁ မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဇ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၇၀၀၁ မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(စျ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ၁၀၀၀၁ နှင့်အထက် ဖြစ်လျှင်	တစ်လီတာ တန်ဖိုး၏ %
	(ည) အရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း)	ကုန်းပေါ်ရောက်တန်ဖိုး	%
၉။	ဘီယာအမျိုးမျိုး		%
၁၀။	ဝိုင်အမျိုးမျိုး။		%
၁၁။	ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ် ထားသော သစ်ခွဲသားများ။		%
၁၂။	ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြစိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။		%
၁၃။	ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြစိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။		%
၁၄။	Four Door Double Pickup မှအပ ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။		%
၁၅။	ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။		%
၁၆။	သဘာဝဓာတ်ငွေ့။		%

မန္တလေးဆောင်းအအေးပေါ့သည့်အတွက် ရွှေ့လျားအထည်သည်များ ရောင်းအားကျ

မန္တလေး ဒီဇင်ဘာ ၁၃

မန္တလေးမြို့တွင် ရာသီအလိုက် အသုံးအဆောင် အဝတ်အထည်များ ရောင်းချသည့် ရွှေ့လျားတွန်းလှည်းလေးများစွာရှိသည်။ အများစုမှာ နယ်ဘက်မှလာရောက်ပြီး အိမ်ငှားများဖြင့် နေထိုင်ကာ ရောင်းချကြသည်။ ရွှေ့လျားရာသီအလိုက် အသုံးအဆောင်တွန်းလှည်းလေးများသည် နွေရာသီတွင် ခမောက်၊ ဦးထုပ်၊ ယပ်တောင်နှင့် အခြားနွေအသုံးအဆောင် အမျိုးမျိုးကို ရောင်းချကြသည်။

ဆောင်းတွင်မူ ဆောင်းရာသီအလိုက် ခြေအိတ်၊ လက်အိတ်၊ ခေါင်းစွပ်၊ ပဝါလေးများနှင့် အခြားဆောင်းတွင်းသုံးပစ္စည်းများကို ရောင်းချကြသည်။ ဆောင်းရာသီသုံးပစ္စည်းများတွင် ကလေးဝတ်မှစကာ လူကြီးဝတ်အထိ အမျိုးမျိုးရောင်းချကြသည်။ ဆောင်းတွင်းထည်ရွှေ့လျားတွန်းလှည်းများသည် မန္တလေးစျေးချိုတော်မှ ဝယ်ယူပြီး တစ်ဆင့်ရောင်းချခြင်းဖြစ်သည်။ အများစုမှာ ညနေစျေးလေးများနှင့် ရပ်ကွက်များတွင် အများဆုံးသွားရောက်ရောင်းချကြသည်။

ရွှေ့လျားတွန်းလှည်းလေးများကို ကိုယ်တိုင်ဝယ်ယူထားသည်လည်း ရှိသလို တွန်းလှည်းငှားစားသူများလည်း ရှိသည်။ တွန်းလှည်းငှားပါက တစ်နေ့လျှင်တွန်းလှည်းခ ငွေကျပ် ငါးရာပေးဆောင်ရသည်။ ရွှေ့လျားစျေးသည် အများစုမှာ ပခုက္ကူနယ်မှလာရောက်ပြီး မန္တလေးမြို့တွင် ရောင်းဝယ်ကြကြောင်း သိရသည်။

လက်ရှိကာလ မန္တလေးဆောင်းတွင်းမှာ ဒီဇင်ဘာ ၁၂ ရက် ရောက်သည့်တိုင်အောင် အအေးပေါ့နေသည့်အတွက် ဆောင်းတွင်းအသုံးအဆောင် ပစ္စည်းများ အရောင်းပါးလျက်ရှိသည်။ ဆောင်းထည် ရောင်းဝယ်မှုမှာ သက်တမ်းနှစ်လမျှသာရှိသည်။ ဒီဇင်ဘာအထိ မအေးသေးသည့်အတွက် ဇန်နဝါရီလကုန်ပိုင်းနှင့် ဖေဖော်ဝါရီလဆန်းပိုင်းအထိသာ ရောင်းချရပြီး ဖေဖော်ဝါရီလဝက် ရောက်သည်နှင့် မန္တလေးမြို့သည် နွေဆန်လာသည့်အတွက် ရောင်းရသည့်ရက်တိုသည်။ လက်ရှိကာလတွင် မန္တလေးဆောင်း အအေးပေါ့သည့်အတွက် ဆောင်းတွင်းထည် ရွှေ့လျားအရောင်းတွန်းလှည်းများ အရောင်းအဝယ်ပါးကြောင်း ဆောင်းတွင်းအထည်ရောင်းချသူတစ်ဦးက ပြောသည်။

(တိမ်တမန်)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံခိုင်မှုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံခိုင်မှု အားကစားအဖွဲ့ချုပ်မှ ကြီးမှူးပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ (MCC) ခန်းမ၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံခိုင်မှု အားကစားပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ထိုပြိုင်ပွဲမှ ဆုရအားကစားသမားများနှင့် အလားအလာကောင်းရှိသည့် ထူးချွန်အားကစားသမားများကို လာမည့်နှစ်အတွင်း ကျင်းပမည့်အရှေ့တောင်အာရှနှင့် အာရှနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ပဏာမ ရွေးချယ်စခန်းသွင်း လေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဆက်လက်ဖော်ပြမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် ဖုန်း-၀၉၅၀၄၄၆၉၂ နှင့် စခန်းအုပ်ချုပ်သူ ဦးကျော်စိန်သန်း ဖုန်း-၀၉၄၅၀၀၂၅၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြို့နယ်သတင်းစာဆရာအသင်း တာဝန်ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် သတင်းစာဆရာအသင်း အတည်ပြု တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် (၃၂)လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အမှတ်(၂၁၄) သတင်းစာဆရာအသင်းယာယီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဒုတိယဥက္ကဋ္ဌဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး သတင်းစာဆရာအသင်း တိုင်းအလုပ်အမှုဆောင်များက ပန်းဘဲတန်းမြို့နယ် သတင်းစာဆရာအသင်းဖွဲ့စည်းပုံကို ဖတ်ကြားပေးခြင်း၊ သတင်းမီဒီယာ ဥပဒေအကြောင်း ပြောကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပန်းဘဲတန်းမြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ရွှေဘိုသီရိမာလာက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

(ဝင်းမင်း)

ပိုရမ်တက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၁၃

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် "ASEAN +3 Young Entrepreneurs Forum" သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ခင်လပြည့်ဝန်းနှင့် ဒေါ်အိန္ဒြေမင်းမင်းတို့သည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ကျေးရွာလေးရွာသို့ ထင်းစိုက်ခင်းများ လွှဲပြောင်းပေးအပ်

မြင်းမူ ဒီဇင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ငါးနှစ်ပြည့်ပြီး ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၃၂၀ ကို ဒီဇင်ဘာ ၁၁ ရက်က မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းရှိ ကံသာကျေးရွာသို့ ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးထင်းစိုက်ခင်းအမှတ် (၁/၂၀၀၂) ဧက ၁၀၀၊ ချောင်းကွေ့ကျေးရွာသို့ ထင်းစိုက်ခင်းအမှတ်(၁/၂၀၀၃) ဧက ၁၀၀၊ တွင်းကြီးကျေးရွာသို့ ထင်းစိုက်ခင်း အမှတ်(၁/၂၀၀၄) ဧက ၁၀၀ နှင့် ထီးဆောင်းကျေးရွာသို့ ထင်းစိုက်ခင်း အမှတ်(၃/၂၀၀၇) ဧက ၂၀ တို့ကို အသီးသီးလွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းသို့ပေးအပ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းက အဆိုပါကျေးရွာလေးရွာမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ကော်မတီဝင်များထံသို့ ကျေးရွာသုံးထင်းစိုက်ခင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

(အောင်စိုးဖေ)

ဒေသဆိုင်ရာ သတင်းထောက်အဖြစ်လုပ်ကိုင်ရန်အတွက် ဆက်သွယ်နိုင်

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ကြေးမုံသတင်းစာတွင် ဒေသဆိုင်ရာသတင်းထောက်အဖြစ် လုပ်ကိုင်နိုင်ရန်အတွက် လက်ရှိလုပ်ကိုင်နေသော မြို့နယ်သတင်းထောက်များအပြင် သတင်းထောက်အသစ်များပါ ပြန်လည် ဖွဲ့စည်းသွားမည်ဖြစ်ရာ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။

(၁) ကြေးမုံသတင်းစာတိုက်(ရန်ကုန်) အမှတ်(၇၇)၊ မဟာဗန္ဓုလလမ်းနှင့် (၅၂)လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၂၈၃၂၊ themirror.npt@gmail.com

(၂) ကြေးမုံသတင်းစာတိုက်(နေပြည်တော်) ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇- ၃၆၁၂၈၊ themirror.npt@gmail.com

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၄ - ၁၂ -၂၀၁၅ (တနလာနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀	အဖွင့်
	အလက်ဘဝတ်ရည်မြန်မာမှု
	တေးဂီတအဖွဲ့ဖျော်ဖြေခန်း
	(အပိုင်း-၇)
၆း၂၀	ပြည်သူ့နီတိ
	"မှားယွင်းသော အမှန်"
၆း၄၀	ဝတ်စားဆင်ယင်မှုပြပွဲ
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ
	"မကြွေတဲ့နှင်းဆီ"(အပိုင်း-၁၇)
၇း၅၅	နိုင်ငံခြားဇာတ်လမ်းတွဲ
	"မင်္ဂလာပါဂင်ချီ"
	(အပိုင်း-၅၆)
၈း၄၀	ငယ်မှုဟန်ပန်သူ့ဆိုဟန်
	(မာမာအေး)
၉း၁၀	မြန်မာဗီဒီယိုဇာတ်လမ်း
	"ချစ်သောပို၍ချစ်သော"
	(ပထမပိုင်း)
	(နေထိုး၊ စိုးမြတ်နွာ၊ စိုးပြည်သဇင်)
	(ဒါရိုက်တာ-မီးပွား)
၁၀း၁၀	ASEAN Japan Cultural Show
၁၀း၂၀	မြန်မာဗီဒီယိုဇာတ်လမ်း
	"ဂုဏ်သိက္ခာကို ရွှေနားကွက်မယ်"
	(ရဲအောင်၊ ဟိန်းဝေယံ၊
	မို့မို့မြင့်အောင်၊ပြည်ဖူးခိုင်)
	(ဒါရိုက်တာ-အောင်ဆွေမြန်မာ)

တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။

News Channel

၆း၀၀	တောင်တန်းသာသနာပြု
	ဆရာတော်ကြီး၏
	ပရိတ်တရားတော်
၇း၃၅	ပြည်သူတို့ရဲ့စကားသံ
၈း၃၅	မြန်မာ့အသိုက်အဝန်းထဲမှ
	အမျိုးသမီးများ
၉း၃၅	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၀း၃၅	အနုပညာသတင်းအစီအစဉ်
၁၀း၃၅	မြန်မာ့ရုပ်မြင်သံကြားလူငယ်
	အစီအစဉ်
၁၂း၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ
	"တောင်းတဲ့ဆု"
	(အပိုင်း-၄၅)
၁း၂၀	Tasty Trip
	(ကရင်ပြည်နယ်ရှိဂူများ)
၁း၅၀	ဂီတတံခါးလေးဖွင့်ပါဦး
၃း၃၅	ပြည်သူတို့ရဲ့စကားသံများ
၅း၃၅	လူမှုစီးပွားမြင်ကွင်းများ
၆း၃၅	"ကျွမ်းကျင်လုပ်သား
	မွေးဖွားရာပညာ့ရိပ်သာ"
၇း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ
	"ကြယ်စင်ခတဲ့နလုံးသား"
	(အပိုင်း-၂၆)
၈း၀၀	ပြည်တွင်းသတင်း၊
	နိုင်ငံတကာသတင်း၊
	မိုးလေဝသအခြေအနေ
၉း၀၀	ပြည်တွင်းသတင်း၊
	မိုးလေဝသအခြေအနေ
	-နိုင်ငံခြားဇာတ်လမ်းတွဲ
	"တောင်းတဲ့ဆု"(အပိုင်း-၄၆)
	-ပြည်သူ့နီတိ"အရွယ်သုံးပါး"
	(ပထမပိုင်း)

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀	"အိုပွဲမင်္ဂလာရတနာ" တရားတော်
	[ဆရာတော်ဘဒ္ဒန္တ သိရိနန္ဒာဘိဝံသ
	(ယောဆရာတော်)]
၁၁း၀၅	သွားမယ်စားမယ် (Life Cafe')
၁၁း၃၀	Forever Music Tribute
	Raggae (အပိုင်း-၅) (ပထမပိုင်း)
၁း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"တော်ဝင်သူ့ရွှေမျက်နှာ"
	(အပိုင်း-၁၄)
၁း၃၅	Assumption University MBA
	Graduation Ceremony
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ
	"ဝက်ပါစ်အိမ်" (အပိုင်း-၁၅)
၂း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"အကြင်နာလက်ကလေး"
	(အပိုင်း-၄၀)
၆း၁၀	Healty Fix
၆း၁၅	MRTV-4 ရုပ်မြင်ဇာတ်လမ်းတွဲ
	"အကြင်နာလက်ကလေး"
	(အပိုင်း-၄၁)
၇း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ
	"ဝက်ပါစ်အိမ်"
	(အပိုင်း-၁၆)
၈း၂၀	Drive It
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"မျဉ်းပြိုင်ကြားက မေတ္တာများ"
	(အပိုင်း-၆၅)
၉း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"တော်ဝင်သူ့ရွှေမျက်နှာ"
	(အပိုင်း-၁၅)
၁၀း၁၅	MRTV-4 Stage
၁၀း၅၀	World Of Knowledge
	(Dog Whisperer: Power Of The Pack)

မြ၀တီ

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၂၀	ဓမ္မဟူဇာတေး
၈း၀၅	VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀	အမျိုးသားရေးတေးကဗျာ
၈း၁၅	ရှေးဟောင်းသုတ
၈း၂၀	DVD Hits
၈း၃၅	ဟန်ချက်ညီညီ
	နိုင်ငံတော်သစ်ဆီ
၉း၁၀	သူနှင့်သူ၏
	သီချင်းများ
၄း၂၀	စိုက်ပျိုးသုတ
၄း၃၀	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	ဇာတ်လမ်းတို
၅း၁၅	ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	-ဂန္ဓဝင်မြောက်အမုန်း
	(အပိုင်း-၈၀)
၆း၂၀	သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	-ရွှေရောင်သက်တံများ
	(အပိုင်း-၈)
	-ကြယ်ကလေးတို့ရဲ့
	ဂီတမိုးကောင်းကင်
	-မေးမြန်းစူးစမ်း
	-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	-ဘ၀သစ်ရဲ့ လင်းရောင်စဉ်
	(အပိုင်း-၁၀)

ဒုတိယမြောက်ရင်သွေးရရှိတော့မည့် အစ်ကီဘာရင်ဟော့

အသက်(၃၈)နှစ်ရှိပြီဖြစ်တဲ့ အစ်ကာဘာရင်ဟော့နှင့် ဇနီးဖြစ်သူ အီရီကာ ဟန်ဆန်တို့နှစ်ဦး မကြာမီလပိုင်းအတွင်း ဒုတိယမြောက်ရင်သွေးကို မွေးဖွားတော့မည်ဖြစ်ကြောင်း ပီးပဲလ်အွန်လိုင်းက ဖော်ပြသည်။ သူတို့နှစ်ဦးသည် ၂၀၀၉ ခုနှစ်က လက်ထပ်ခဲ့ပြီး နှစ်နှစ်အရွယ် သမီးငယ်ဖော်စတာကို ပိုင်ဆိုင်ထားပြီး ဖြစ်သည်။ အစ်ကာကို Mindy Kaling ရုပ်သံဇာတ်လမ်းတွဲဖြင့် လူသိများပြီး ထိပ်တန်းမင်းသားတစ်ဦးမဟုတ်သော်လည်း ပရိသတ်အကြိုက်တွေ့သည့် ရုပ်သံဇာတ်လမ်းတွဲများ၏ ပင်တိုင်မင်းသားတစ်လက်ဖြစ်သည်။

ကလေးငယ်အား လာမည့် ဒီဇင်ဘာ၁စရက်တွင် မွေးဖွားရန် စီစဉ်ထားပြီး ဇနီးဖြစ်သူ အီရီကာက ကလေးများသည့် မိသားစုဘ၀ကို လိုလားနှစ်သက်သူဖြစ်သည်။ မင်းသားကမူ ကလေးတစ်ဦးတည်း မွေးဖွားရမည့်မူ၀ါဒကျင့်သုံးသည့် နိုင်ငံတွင်ဆိုလျှင် ဇနီးဖြစ်သူစိတ်ဆင်းရဲရလိမ့်မည်ဖြစ်ကြောင်း ဆိုလိုက်သည်။

မေလွဲသင်း - ရေးသားသည်



ဖေ့စ်ဘွတ်ခ်ရဲ့ အကျော်ကြားဆုံး ကြယ်ပွင့် ၁၀ဦး

၂၀၁၅ နှစ်ကုန်ခါနီးအချိန်မှာ တစ်နှစ်တာအတွင်း ဝင်ငွေအကောင်းဆုံး၊ အကျော်ကြားဆုံး၊ အဆိုးရွားဆုံးစတဲ့ လူပုဂ္ဂိုလ်တွေ၊ အကြောင်းအရာတွေကို ကမ္ဘာတစ်ဝန်းမီဒီယာတွေက စစ်တမ်းကောက်ယူခဲ့ရာမှာ ဟောလိဝုဒ်အွန်လိုင်းမီဒီယာကလည်း ဖေ့စ်ဘွတ်ခ် စာမျက်နှာများနေရာ အယူနိုင်ဆုံး ကြယ်ပွင့် ၁၀ ဦးကို ထုတ်နုတ်ပြခဲ့ပါတယ်။ ဒီလိုနေရာယူမှုမှာ ကောင်းသောနေရာယူမှုရှိသလို၊ မကောင်းတဲ့နေရာယူမှုလည်း ပဲရှိပါတယ်။ ကန်ညီဝပ်စ်၊ တေလာဆွစ်နဲ့ ကတ်သရင်း ဂျန်နာတို့ သုံးဦးပါဝင်တယ်ဆိုတာ ယေဘုယျမှန်းဆနိုင်ပေမယ့် ကျန်တဲ့ ကြယ်ပွင့်တွေက ဘယ်သူတွေ ဖြစ်သလဲဆိုတာ အဖြေရှာကြရအောင်ပါ။

တစ်နေရာမှာ ရပ်တည်နေတာ ကတော့အက်ဒ်ရှီယန်၊ ၂။ တေလာဆွစ်၊ ၃။ ကန်ညီဝပ်စ်၊ ၄။ နစ်ကီဂျမ်၊ ၅။ ဝစ်ကယ်လီဖာ၊ ၆။ ဒရိတ်၊ ၇။ ပစ်ဘူးလ်၊ ၈။ကတ်သရင်း ဂျန်နာ၊ ၉။ ဝိကန်၊ ၁၀။ ရှာကီးရားတို့ဖြစ်ပါတယ်။

ကတ်သရင်း ဂျန်နာကတော့ လိင်ပြောင်းလဲခဲ့တဲ့ ကိစ္စရပ်တွေကြောင့် လူသိများထင်ရှားခဲ့တာဖြစ်ပြီး တေလာဆွစ်ကတော့ ထုံးစံအတိုင်း ချစ်သူသစ်တစ်ယောက်ရတိုင်း တစ်ခါပိုမိုကျော်ကြားလာခဲ့တာဖြစ်ပါတယ်။

ကေဝေ့ဗ်မဂ္ဂဇင်းမှာ မြင်တွေ့ရတော့မယ့်လီချန်ဟီး

ကိုရီးယားမင်းသား လီချန်ဟီးက ပျော့ခွန့်ခွန့်ဟန်နဲ့ ဆွဲဆောင်မှုရှိတဲ့သူဆိုပေမယ့် ယခု ကေဝေ့ဗ်မဂ္ဂဇင်းအတွက် အလှဓာတ်ပုံများရိုက်ကူးခဲ့ရာမှာ ယောကျ်ားပီသတဲ့ သွင်ပြင်နဲ့ တစ်မျိုးတစ်မည်ဆွဲဆောင်မှုရှိနေတာကို ပရိသတ်တွေ အနေနဲ့ မြင်တွေ့ရပြန်ပါတယ်။ ဒီမဂ္ဂဇင်းကို ကိုရီးယားနိုင်ငံ KBS ရုပ်သံလွှင့်လုပ်ငန်းက စီစဉ်ရိုက်ကူးလာတာဖြစ်ပါတယ်။ ဒီဓာတ်ပုံတွေကို မဂ္ဂဇင်းမျက်နှာဖုံးအပြင် KBS မှ တင်ဆက်သော ကြယ်ပွင့်များရဲ့လှုပ်ရှားမှု အစီအစဉ်အတွက်လည်း အသုံးပြုတင်ဆက်သွားမှာ ဖြစ်ပါတယ်။

သက်ပြင်းချနိုင်ပါပြီ ဘီဘာ

ဆယ်လီနာဂိုးမက်ဇိန့် နိုလ်းဟော်လ်ရန်းတို့နှစ်ဦးရဲ့ ပုံတွေ တက်လာတဲ့ကိစ္စကြောင့် မကျေနပ်တဲ့ ဘီဘာက သူနဲ့ စင်ဒီကင်ဘာလေတို့ရဲ့ချစ်ရည်လူးနေကြတဲ့ပုံတွေကို အင်စတာဂရမ်မှာ ပြန်တင်ပြီး ဆယ်လီနာ တစ်ခါ ပြန်ခံစားစေဖို့ကြိုးပမ်းခဲ့ပါတယ်။ ဒီဇင်ဘာ ၁၃ ရက်မှာတော့ ဆယ်လီနာက နိုလ်ဟာ အံ့အားသင့်ဖွယ်ကောင်းတဲ့လူတစ်ယောက်ဖြစ်ပေမယ့် ချစ်သူအဖြစ်တော့ သဘောထားကြည့်လို့မရဘူးလို့ ဆိုခဲ့ပါတယ်။

ဒီဇင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့တဲ့ ဂီတဆုချီးမြှင့်ပွဲမှာ ဆယ်လီနာက "အိုး . . ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ဒါပေမယ့် သူ့ကို ကျွန်မချစ်ပါတယ်။ အမြဲတမ်းပေါ့။ သူဟာ အံ့အားသင့်ဖွယ်အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့ ထာ၀ရသူငယ်ချင်းအဖြစ်ပေါ့" လို့ နိုလ်ဟော်လ်ရန်နဲ့ ပတ်သက်ပြီးဖြေကြားခဲ့ပါတယ်။

ဆယ်လီနာက လွန်ခဲ့တဲ့ ခုနစ်ပတ်လောက်က ဘီဘာနဲ့ အတူရှိခဲ့ပေမယ့် ပြီးခဲ့တဲ့ ရက်သတ္တပတ်လောက်ကတင်

နိုလ်ဟော်လ်ရန်နဲ့ အတူတကွရှိနေခဲ့တာကြောင့် မီဒီယာတွေက ဒါကိုပဲ ဦးစားပေး ဖော်ပြလာပါတယ်။ ဒါပေမယ့် ဆယ်လီနာက ဘီဘာအတွက် သူခံစားခဲ့ရတာတွေကြောင့် အခုအချိန်မှာ တစ်ယောက်တည်းနေရတာကို ပိုပြီးသဘောကျတယ်လို့ တို့ပြန်ခဲ့ပါတယ်။ဒါ့ကြောင့် အခုအချိန်မှာ နိုလ်ဟော်လ်ရန်နဲ့ တွဲနေတာထက်စာရင် သူ့ဟာသူ တစ်ယောက်တည်းရှိနေတာက ဂျက်စတင်ဘီဘာအတွက် စိတ်သက်သာရာ ပိုမိုရစေတယ်ဆိုတာ. . . ။ ❑

ဒီဇင်ဘာ ၁၂/၁၃ ရက် ယှဉ်ပြိုင်ကစားခဲ့သည့် အနိုင်/အရှုံးရလဒ်များ

ပရီမီယာလီဂ် ပွဲစဉ် -၁၆

နောဝှစ်ချ်	၁	-	၁	အဲဗာတန်
ခရစ္စတယ်ပဲလေ့စ်	၁	-	၀	ဆောက်သမ်တန်
ဝက်စ်ဟမ်း	၀	-	၀	စတုတ်စီးတီး
မန်စီးတီး	၂	-	၁	ဆွမ်ဆီး
ဆန်းဒါးလန်း	၀	-	၁	ဝက်ဖို့ဒ်
ဘုန်းမောက်	၂	-	၁	မန်ယူ
ဗီလာ	၀	-	၂	အာဆင်နယ်

လာလီဂါ ပွဲစဉ် -၁၅

ဂိတာဖေ	၁	-	၁	ဆိုစီဒက်
ဘာစီလိုနာ	၂	-	၂	ဒီဗို့တီပို
ဆယ်လ်တာဗီဂို	၁	-	၀	အက်စပန်ညို
လီဗန်တေး	၁	-	၂	ဂရန်နာဒါ
ဆီဗီလာ	၂	-	၀	စပို့တင်းဂီဂျွန်
လက်စ်ပါးမက်စ်	၁	-	၀	ဘက်တစ်

စီးရီးအေ ပွဲစဉ် - ၁၆

ဂျီနိုအာ	၀	-	၁	ဘိုလော့နာ
ပါလာမို	၄	-	၁	ဖရိုစီနီ
အူဒီးနီစ်	၀	-	၄	အင်တာမီလန်

ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၆

မိန့်ဇ်	၀	-	၀	စတုဂတ်
ဘိုင်ယန်မြူးနစ်	၂	-	၀	အင်ဂျေ့စတက်
ဝုဖ်ဘတ်	၁	-	၁	ဟမ်းဘတ်
ဝါဒါဘရီမင်	၁	-	၁	ကိုလုံး
ဟော့ဖန်ဟိမ်း	၁	-	၀	ဟန်နိုဗာ
ဒမ်စတက်	၀	-	၄	ဟာသာဘာလင်
လေဗာကူဆင်	၅	-	၀	မိုချင်ဂလက်ဘတ်

ပြင်သစ်လီဂူး ပွဲစဉ် - ၁၈

ရင်းနက်စ်	၁	-	၁	ကိန်း
ရိမ်းစ်	၁	-	၁	နိုက်စ်
ထရွိုင်ယက်စ်	၁	-	၁	ဘက်စ်တီယာ
နန့်တက်စ်	၁	-	၁	တူးလော့စ်
လိုင်လီ	၃	-	၀	လိုရီယန့်
မောင့်ပယ်လီယာ	၂	-	၁	ဂူအင်ဂမ့်
မိုနာကို	၁	-	၀	စိန့်အက်တီယန်

(မောင်မောင်ဇော်)

ယူရို ၂၀၁၆ အုပ်စုအဆင့်ပွဲစဉ်များမဲခွဲ၊ အင်္ဂလန်နှင့် ဝေလ တစ်အုပ်စုတည်းကျ

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူရို ၂၀၁၆ အုပ်စုအဆင့်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်လိုက်ပြီဖြစ်သည်။ မဲခွဲဆုံးဖြတ်ခဲ့ရာ၌ အင်္ဂလန်အသင်းနှင့် ဝေလအသင်းတို့မှာ တစ်အုပ်စုတည်းကျရောက်လျက်ရှိပြီး ထိုသို့တစ်အုပ်စုတည်းကျခဲ့မှုကို အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဆန်နှင့် ဝေလအသင်းနည်းပြ ကိုးလ်မန်းတို့က ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

"ဒီလိုတွေ့ဆုံမှုဟာ ကောင်းသောတွေ့ဆုံမှုပါ။ ဝေလကစားသမားအားလုံးကို ကျွန်တော်သိပါတယ်။ ကစားသမားအများစုကလည်း ထူးချွန်တဲ့ကစားသမားတွေဖြစ်တာကြောင့် စုစည်းမှုအားကောင်းပြီး တောင့်တင်းတဲ့အသင်းတစ်သင်းလို့ ကျွန်တော်မြင်မိပါတယ်" ဟု အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဆန်က ပြောကြားခဲ့သည်။ ထို့အတူ ဝေလအသင်းနည်းပြ ကိုးလ်မန်းကလည်း "အင်္ဂလန်ဟာ အကောင်းဆုံးအသင်းတွေထဲက တစ်သင်းပါ။ အဲဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင်တော့ အင်္ဂလန်အသင်းနှင့် မတွေ့ချင်ပါဘူး"ဟု ပြောကြားခဲ့သည်။

အုပ်စု(A)တွင် အိမ်ရှင်ပြင်သစ်အသင်းအပါအဝင် ရိုမေးနီးယားအသင်း၊ အယ်လ်ဘေးနီးယားအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ပထမဆုံးပွဲစဉ်အဖြစ် အုပ်စု(A)တွင် တစ်အုပ်စုတည်းကျရောက်ခဲ့သည့် ပြင်သစ်အသင်းနှင့် ရိုမေးနီးယားအသင်းတို့ စတိတ်ဒီဖရန့်ကွင်းကြီးထဲ၌ ဇွန် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အင်္ဂလန်အသင်းနှင့် ဝေလအသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် အုပ်စု(B)တွင် ရုရှားအသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့လည်း ပါဝင်လာခဲ့သည်။

အုပ်စု(C)တွင် လက်ရှိကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းသည် ပိုလန်အသင်း၊ ယူကရိန်းအသင်း၊ မြောက်အိုင်ယာလန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ အုပ်စု(D)တွင် စပိန်အသင်း၊ ချက်အသင်း၊ တူရကီအသင်းနှင့် ခရိုအေးရှားအသင်းတို့ တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အုပ်စု(E)တွင် အိုင်ယာလန်အသင်းသည် ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ အသင်းကြီးများဖြစ်ကြသည့် ဘယ်လ်ဂျီယံအသင်း၊ အီတလီအသင်း၊ ဆွီဒင်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ အုပ်စု(F)တွင် ပေါ်တူဂီအသင်း၊ အိုက်စလန်အသင်း၊ သြစတြီးယားအသင်းနှင့် ဟန်ဂေရီအသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ၁၆ သင်းအဆင့်ပွဲစဉ်များကို ဇွန် ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၃၀၊ ဇူလိုင် ၁၊ ၂၊ ၃ ရက်တို့တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ (ငွေကြယ်)

ယူရို – ၂၀၁၆ ပြိုင်ပွဲတွင် ပြင်သစ်အသင်း စံချိန်ကောင်းများကို ဆက်ထိန်းနိုင်ရန် ဂီရော့ဒ်မျှော်လင့်

ယူရို-၂၀၁၆ ပြိုင်ပွဲတွင်လည်း ပြင်သစ်လက်ရွေးစင်အသင်း၏ ယခင် စံချိန်ကောင်းများကို ဆက်လက်ထိန်းသိမ်းကာ ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်ရန် မျှော်လင့်မိကြောင်း ပြင်သစ်တိုက်စစ်မှူး အိုလီဗာ ဂီရော့ဒ်က ထုတ်ဖော်ပြောကြားလိုက်သည်။ ပြင်သစ်အသင်းသည် အိမ်ရှင်အဖြစ်လက်ခံကစားခဲ့သည့် ၁၉၈၄ ယူရိုဖလား၊ ၁۹۹۶ ကမ္ဘာ့ဖလားတို့တွင် ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်ခဲ့ရာ အောင်မြင်မှု ၅၀ ရာခိုင်နှုန်းလောက်အထိ ဖော်ဆောင်နိုင်ခဲ့သော အသင်းအဖြစ် မှတ်တမ်းဝင်ထားသည်။

ပြင်သစ်အသင်းသည် အုပ်စု(A)တွင် ဆွစ်ဇာလန်၊ ရိုမေးနီးယား၊ အယ်လ်ဘေးနီးယားတို့နှင့်အတူတကွ ကျရောက်နေသောကြောင့် အုပ်စုချောင်သည်ဟု သတ်မှတ်နိုင်သည်။ ပြင်သစ်အသင်း၏ အဓိကသော့ချက်ကစားသမားမှာ မာတူဒီဖြစ်လာဖွယ်ရှိပြီး ဘင်ဇီမာမှာမူ ဘယ်လ်ဘူနာ၏ လိင်ကိစ္စ ဗီဒီယိုဖိုင်ဗွေ့စ်ခြမ်းခြောက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် စွဲချက်ကြောင့် ယူရို-၂၀၁၆ တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်မဟုတ်ပေ။

ဂီရော့ဒ်က "ကျွန်တော်တို့ အိမ်ရှင်အဖြစ် ကစားခွင့်ရချိန်မှာ အောင်မြင်မှုတစ်ခုကိုဖော်ဆောင်ပြီး အိမ်ရှင်ပရိသတ်တွေကို အပြည့်အဝပျော်ရွှင်မှု ဖန်တီးပေးလိုပါတယ်။ ၁۹۹၄၊ ၁۹۹۸မှာလုပ်ပြနိုင်ခဲ့သလို အခု ၂၀၁၆ မှာလည်း ကျွန်တော်တို့ စွမ်းဆောင်ရည်ကောင်းကို ဆက်ထိန်းပြချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပြင်သစ်နည်းပြ ဒီဒီယာဒက်ချွမ့်စ်ကမူ အယ်လ်ဘေးနီးယားနှင့်ရင်ဆိုင်ကစားစဉ်က ပြင်သစ်အသင်းမှာ ရှုံးနိမ့်ခဲ့သလို ယခုနောက်ပိုင်းတွေ့ဆုံမှုတွင် တစ်ကြိမ်တစ်ခါမျှ အနိုင်မယူနိုင်ခဲ့သေးကြောင်း၊ ရိုမေးနီးယားအသင်းမှာလည်း အနိုင်ကစားရန်ခက်ခဲလွန်းသည့် မာကျောသောအသင်းဖြစ်ကြောင်း ပြိုင်ဘက်အသင်းများနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။ **မေလဲ့သင်း**

ဘယ်အသင်းကိုမှ ကြောက်ရွံ့နေမှာ မဟုတ်တဲ့ တူရကီ

တူရကီလက်ရွေးစင်နည်းပြ တယ်ရမ်က ယူရို ပြိုင်ပွဲဝင် တူရကီအသင်းအနေဖြင့် စပိန်၊ ခရိုအေးရှား၊ ချက်အသင်းတို့နှင့် တစ်အုပ်စုတည်းအတူတကွ ကျရောက်နေသော်လည်း မည်သည့် ပြိုင်ဘက်အသင်းကိုမျှ ကြောက်ရွံ့နေမည်မဟုတ်ကြောင်း တူရကီပရိသတ်များအား ကတိပေးစကားပြောကြားခဲ့သည်။ ယင်းအုပ်စု(D)ကို မရဏာအုပ်စုအဖြစ် သတ်မှတ်ထားသော်လည်း တယ်ရမ်ကမူ တူရကီအနေဖြင့် ၁၆သင်းအဆင့်သို့ တက်ရောက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

တယ်ရမ်က စပိန်အသင်းမှာမူ ကြယ်ပွင့်ကစားသမားများဖြင့် ပြည့်နှက်နေသောအသင်းဖြစ်သောကြောင့် အနိုင်ယူနိုင်မည်ဟု မဆိုလိုကြောင်း၊ သို့သော် ခရိုအေးရှား၊ ချက်အသင်းတို့နှင့် ပွဲစဉ်တွင် အခွင့်အရေးတစ်ရပ်ဆုပ်ကိုင်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုစကားပါးခဲ့သည်။ **မေလဲ့သင်း**

ယူရိုပွဲကို ရုပ်မြင်သံကြားကသာ ကြည့်ရဖို့ မျှားနေတဲ့ ဘာလော့တယ်လီ

